Forum for Democracy in Burma

# မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု

eBulletin

၃၁ ဒီဇင်ဘာလ ၂၀၀၇ | သတင်းလွှာ | အမှတ် ၃၇/၂၀၀၇



ဒီစက်တင်ဘာ လူထုလှုပ်ရှားမှုကြီးကြောင့် ကျနော်တို့ သိသာတဲ့ အကျိုးရလဒ်သုံးခုကို ကျနော်တို့ ရလိုက်တယ်။ ပထမတချက်က ပြည်သူလူထုကနေပြီးတော့ အခုဖြစ်နေတဲ့ ပြဿနာဟာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နဲ့ နဝတ၊ နအဖကြားထဲဖြစ်နေတဲ့ ပြဿနာမဟုတ်ဘူး။ ပြည်သူလူထုတရပ်လုံး နဲ့ လက်တဆုပ်စာစစ်အုပ်စုကြားထဲဖြစ်နေတဲ့ တနည်းအားဖြင့် ဒီမိုကရေစီနဲ့ စစ်အာဏာရှင်စနစ် နှစ်ခုကြားထဲက ဖြစ်နေတဲ့ပြဿနာဆိုတာကို စက်တင်ဘာလှုပ်ရှားမှုကြီးနဲ့ အတူဖွင့်ချနိုင်ခဲ့တယ်။ ပြီးတော့ စစ်အုပ်စုရဲ့စရိုက်ဗီဇအမှန်ကိုလဲ ဖော်ထုတ်ပြသနိုင်ခဲ့ပါ တယ်။ ဒုတိယအချက်ကို ပြောရရင် Next Generation မျိုးဆက်သစ် ကျောင်းသားတွေ မျိုးဆက်သစ်လူငယ်တွေရဲ့ သမိုင်းပေးတာဝန်ကို လက်ဆင့်ကမ်းပီပီပြင်ပြင် သယ်ဆောင်နိုင်မှုကို ပြသနိုင်ခဲ့တယ်ဗျာ။ ဒါဟာ ကျနော်တို့တိုင်းပြည်ရဲ့ အနာဂတ်အတွက် စိတ်ချသွားရတဲ့ အကျိုးရလဒ်တခုပေါ့။ နောက် တတိယအချက်က Interna - -tional Community က ကျနော်တို့တိုင်းပြည်ကို ပိုပြီးတော့အာရုံစိုက်လာတယ်။

"(၈၈) မျိုးဆက်ကျောင်းသားများ၏ ၂၀၀၇ ခုနှစ်အတွင်းလှုပ်ရှားမှု အခြေအနေနှင့်ပတ်သက်၍ ကျောင်းသားခေါင်းဆောင် ကိုထွန်းမြင့်အောင်နှင့် ဒီဗီဘီဆက်သွယ်မေးမြန်းချက်"

## ကိုယ့်ဖက်က ပြင်ဆင်တည်ဆောက်မှုတွေကို မလုပ်နိုင်ရင် တိုက်ဖျက်မပစ်နိုင်ရင် လွတ်လပ်ရေး နှစ်(၆၀) ပြည့်တွင်းစစ် နှစ်(၆၀) သမိုင်းကို ...

"အမှာစကား"

(စာမျက်နှာ ၂)

## လူ့အခွင့်အရေးချိုးဖောက်ခံနေရမှုများသည် တနိုင်ငံလုံးရှိပါသည်။ အထူးသဖြင့် တိုင်းရင်းသားများနေထိုင်သော သေဒေသများတွင် အများဆုံးတွေ့ရှိရပါသည်။

"အမှောင်ဆုံး၏ အမှောင်ဆုံးနေ့ရက်များ"

(စာမျက်နှာ ၅)

## ရွှေ့ပြောင်းအလုပ်သမားတွေ မနစ်နာကြရအောင် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး စတဲ့ကဏ္ဍတွေမှာ တစုံတရာကိုယ်ရေးလုံခြုံမှုရှိအောင် ဒီနေ့ နအဖစစ်အစိုးရက ဘာတာဝန်ယူထားသလဲ ...

"နိုင်ငံတကာ ရွှေ့ပြောင်းအလုပ်သမားများနေ့ အခမ်းအနား ကျင်းပ"

(စာမျက်နှာ ၉)

## ကယ်တင်ရှင်မျှော်ကိုးမှု၊ စိတ်ကူးယဉ်မှုတွေကို ဖယ်ရှားပြီး 'ငါသာလျှင်အရှင်သခင်၊ ငါသာလျှင် ငါ့သမိုင်းဖန်တီးသူ'ဗီသစွာ တိုက်ပွဲဝင်ကြရမှာပဲ။

"အနှစ် (၆၀) လွန်တဲ့အခါမှာ"

(စာမျက်နှာ ၈)

## မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးတွေဟာ စဉ်ဆက်မပြတ် ချိုးဖောက်ခံနေရဆဲပဲ

"နိုင်ငံတကာ လူ့အခွင့်အရေးနေ့ ..."

(စာမျက်နှာ ၄)

## ဒီဇော်ဩင်ဆန်းစုကြည်ရဲ့ ထုတ်ပြန်ကြေညာချက်ရဲ့ ဩဇာအရှိန်အဝါနဲ့ အများထောက်ခံမှုကို ဖြေလျော့ဖို့အတွက်...

"မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု ခေါင်းဆောင်များနှင့် ..."

(စာမျက်နှာ ၁၀)

# အ မှာ စ ကား

မြန်မာနိုင်ငံရဲ့လွတ်လပ်ရေးသက်တမ်းဟာ နှစ်(၆၀)တိုင်ခဲ့ပါပြီ။ လူမျိုးပေါင်းစုံပြည်သူတွေရဲ့ဘဝကလည်း ပြည်တွင်းစစ်နှစ်(၆၀)တိုင်တိုင် ရင်ဆိုင်ဖြတ်သန်းရင်း ဘယ်နိုင်ငံနဲ့မှမတူတဲ့ အဆိုးဝါးဆုံးသော အခြေအနေတွေကို ရင်ဆိုင်ကြုံတွေ့နေရပါတယ်။

တိုင်းပြည်လွတ်လပ်ရေးအတွက်၊ မိမိတို့အမျိုးသားလွတ်မြောက်ရေးတွေအတွက် အသက်၊ သွေး၊ ချွေးတွေ၊ ဘဝတွေပေးဆပ်ခဲ့ရတဲ့ ရဟန်း ရှင်လူ ကျောင်းသားပြည်သူတွေဟာ ဒီနေ့ထက်ထိတိုင်အောင်ပဲ မလွတ်မြောက်နိုင်အောင်ရှိနေတာကို ဝမ်းနည်းစွာနေ့စဉ်နဲ့အမျှ မြင်တွေ့နေရပါတယ်။ ပြည်တွင်းစစ်နဲ့ကြီးပွားချမ်းသာနေတဲ့ လက်တစ်ဆုပ်စာ စစ်ဗိုလ်ချုပ်ကြီးတွေကတော့ ဘယ်ခေတ်နဲ့မှ မတူအောင်ကို ဆွေစဉ်မျိုးဆက်ပါမကျန် ချမ်းသာကြွယ်ဝနေကြပါတယ်။ ပြည်တွင်းစစ်ကို တိုက်ဖို့အတွက် ဆင်းရဲနိမ့်ကျလွန်းလှတဲ့ အလုပ်သမား၊ လယ်သမား၊ လက်လုပ်လက်စားသားသမီးတွေနဲ့ တည်ဆောက်ထားတဲ့ တပ်မတော်ကို ကြေးစားတပ်လို၊ ခါးပိုက်ဆောင်တပ်လို လုပ်ပြီး အသက်တွေကို အသေခံခိုင်းနေတာ နှစ်ပေါင်း (၆၀)လည်း တိုင်ခဲ့ပါပြီ။

ကမ္ဘာပေါ်မှာ အဆိုးဝါး အနိမ့်ကျဆုံးဖြစ်နေတဲ့ မြန်မာနိုင်ငံရဲ့အခြေအနေကို အမြန်ဆုံးကယ်တင်ဖို့၊ ကိုယ့်အမျိုးသားအချင်းချင်းစစ်ကျွန်ပြုပြီး တိုင်းပြည်က ပြည်သူတွေရဲ့ သားသမီးရတနာတွေ နေ့စဉ်နဲ့အမျှ သေကြေပျက်စီးနေတဲ့ဒဏ်ကို ရှေ့ဆက်မကြုံတွေ့ရဖို့ဆိုရင် စစ်အုပ်စု၊ စစ်အစိုးရ၊ စစ်အာဏာရှင်စနစ်ကို အမြန်ဆုံး ဖယ်ရှားနိုင်မှ ဖြစ်ပါမယ်။

လူထုတွေဟာ လွတ်လပ်ရေးသက်တမ်းနဲ့အမျှ ရှည်ကြာတဲ့ ပြည်တွင်းစစ်နှစ်(၆၀)ကိုဖြတ်သန်းခဲ့ကြသလို ကျွန်တော်တို့မျိုးဆက်ခေတ် ရှစ်ဆယ့်ရှစ် လူထုအရေးတော်ပုံကြီးရဲ့ သက်တမ်းဟာလည်း နှစ်(၂၀)တိုင်အောင် ဖြတ်သန်းခဲ့ကြပြီးလည်းဖြစ်ပါတယ်။ ဒီအရေးတော်ပုံကြီးက ရရှိခဲ့တဲ့ ပါတီစုံဒီမိုကရေစီစနစ်၊ ၉၀ ခုနှစ်ရွေးကောက်ပွဲရလဒ်၊ လူထုခေါင်းဆောင်၊ ပြည်သူတွေရဲ့ ရဲရင့်တဲ့ တိုက်ပွဲဝင်စိတ်ဓါတ် စတဲ့ရလဒ်တွေဟာ စစ်အုပ်စုရဲ့ ဖိနှိပ်မှုမျိုးစုံအောက်မှာ ချေမွခံနေရဆဲ ဖြစ်ပါတယ်။ သို့သော်လည်း သူရဲကောင်းပီသတဲ့ ရဟန်းရှင်လူ ကျောင်းသားပြည်သူတွေရဲ့ တိုက်ပွဲတွေကတော့ ဘယ်တော့မှရပ်တန့်သွားမှမဟုတ်ပါဘူး၊ စစ်မှန်တဲ့ လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားသွေးစည်းညီညွတ်ရေးဆိုတဲ့ ပန်းတိုင်ဟာလည်း ဘယ်တော့မှ ပျောက်ပျက်သွားမှာလည်းမဟုတ်ပါဘူး။

တိုင်းပြည်တစ်ခု လူ့အဖွဲ့အစည်းတစ်ခုမှာ စစ်မှန်တဲ့ လွတ်လပ်ရေး၊ ငြိမ်းချမ်းရေး၊ တန်းတူညီမျှရေး၊ ချစ်ကြည်ရေးတွေရဖို့ဆိုရင် အုပ်စိုးသူနဲ့ အအုပ်ချုပ်ခံ၊ ဖိနှိပ်သူနဲ့ အဖိနှိပ်ခံ၊ အာဏာရှိနဲ့ အာဏာမဲ့၊ လက်နက်ရှိနဲ့ လက်နက်မဲ့၊ အရင်းရှိသူနဲ့ အရင်းမဲ့၊ ချမ်းသာသူနဲ့ ဆင်းရဲသူ၊ လူများစုနဲ့ လူနည်းစု၊ သွေးစုပ်သူနဲ့ သွေးစုပ်ခံ စတဲ့ ပဋိပက္ခတွေကို မှန်မှန်ကန်ကန်ဖြေရှင်းနိုင်မှ တကယ့်အစစ်အမှန်ကိုရမှာဖြစ်ပါတယ်။ ဒါတွေရှိနေသရွေ့ လူ့အဖွဲ့အစည်းတွေ အတွင်းမှာ ဖိနှိပ်မှု၊ လက်နက်နဲ့အကြမ်းဖက်မှု၊ ရက်စက်မှု၊ ဖေါက်ပြန်မှု၊ သွေးထွက်သံယိုမှုတွေဟာ ကြုံတွေ့နေရမှာဖြစ်ပါတယ်။ လက်ရှိမြန်မာနိုင်ငံအတွင်းမှာတော့ အထက်က ဖေါ်ပြတဲ့ ပဋိပက္ခတရားတွေကို စစ်အုပ်စုကအစွမ်းကုန်ပြုလုပ်ပြီး သူတို့အာဏာတည်မြဲဖို့အတွက်ပဲပြုလုပ်နေပါတယ်။ ဒါကြောင့် ဒီနေ့ကာလရဲ့ အဓိကပြဿနာဖြစ်တဲ့ စစ်အာဏာရှင်နဲ့ လူမျိုးပေါင်းစုံပြည်သူတွေရဲ့တိုက်ပွဲ၊ ဒီမိုကရေစီလိုလားသူနဲ့ ဆန့်ကျင်သူတို့ရဲ့တိုက်ပွဲဟာ အဓိကဖြစ်ပြီး အဲဒီအဓိကပြဿနာကို မဖြေရှင်းနိုင်သရွေ့ လူမျိုးပေါင်းစုံပြည်သူတွေဟာ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၊ တမျိုးသားချင်းအနေနဲ့ ဘယ်တော့မှ လွတ်မြောက်နိုင်မှာမဟုတ်ပါဘူး။

အင်္ဂလိပ်ကိုလိုနီလက်အောက်က လွတ်မြောက်ရေး၊ ဖက်ဆစ်ဂျပန်တော်လှန်ရေး၊ ရှစ်ဆယ့်ရှစ်ဒီမိုကရေစီအရေးတော်ပုံ စတဲ့ကာလတွေက အမျိုးသား သွေးစည်းညီညွတ်ရေး စိတ်ဓာတ်တွေကို ပြန်လည်ရယူပြီး၊ ၂၀၀၇ ခုနှစ် ရဟန်းသံဃာနဲ့ ကျောင်းသားတွေ ဦးဆောင်တဲ့ စက်တင်ဘာအရေးတော်ပုံရဲ့ တောင်းဆိုချက် ကြွေးကြော်သံတွေကို ဆက်လက်ကိုင်စွဲပြီး နအဖစစ်အုပ်စုရဲ့ စစ်ကျွန်ဆက်ပြုရေး လမ်းပြမြေပုံကို အဆင့်တိုင်း တိုက်ဖျက်ပစ်ဖို့ ပြင်ဆင်တည်ဆောက်ကြ၊ တိုက်ပွဲဝင်ကြရပါမယ်။ နအဖစစ်အုပ်စုဟာ အဆင့်(၃)ပြီးရင် အဆင့်(၄)ကို သွားနိုင်အောင် အစွမ်းကုန်ကျိုးစားနေပါတယ်။ ကိုယ့်ဖက်က ပြင်ဆင်တည်ဆောက်မှုတွေကို မလုပ်နိုင်ရင် တိုက်ဖျက်မပစ်နိုင်ရင် လွတ်လပ်ရေးနှစ်(၆၀) ပြည်တွင်းစစ်နှစ် (၆၀) သမိုင်းကို နောက်မျိုးဆက်တွေအထိ သယ်ဆောင်ခိုင်းရာ ကြတော့မှာဖြစ်ပါတယ်။

■ ■ ■ ■

# အက်ဖ်ဒီဘီ အဖွဲ့ဝင်အဖွဲ့အစည်းများ၏ လှုပ်ရှားမှုသတင်းများ

## Internet Security သင်တန်း ကျင်းပပြုလုပ်




ထိုင်း-မြန်မာ နယ်စပ်တနေရာရှိ မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစုရုံး၌ Internet Security သင်တန်းကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့မှ ၂၃ ရက်နေ့အထိ ပြုလုပ်ခဲ့သည်။ ထိုသင်တန်းသို့ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု အဖွဲ့ဝင်အဖွဲ့အစည်းအသီးသီးမှ သင်တန်းသား ၁၉ ယောက် တက်ရောက်ခဲ့ပြီး သင်တန်းနည်းပြအဖြစ် ဆွီဒင်နိုင်ငံသား Mr. David မှ ပို့ချခဲ့ခြင်း ဖြစ်သည်။

သင်တန်း ဖြစ်မြောက်ရေးအတွက် စီစဉ်ပေးခဲ့သည်မှာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီနှင့် ဆွီဒင်ဆိုရှယ်ဒီမိုကရက်တစ်ပါတီတို့မှ ဖြစ်သည်။

## ပြည်သူ့ကာကွယ်ရေးတပ် နှစ်ပတ်လည်နေ့ပြုလုပ်



ပြည်သူ့ကာကွယ်ရေးတပ် နှစ်ပတ်လည်နေ့အထိမ်းအမှတ်ကို ထိုင်း မြန်မာနယ်စပ်တွင် ယခုလ (၂၆) ရက်နေ့တွင် ပြုလုပ်ခဲ့သည်။ ၁၉၈၉ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့သည့် ပြည်သူ့ကာကွယ်ရေးတပ် (PDF) (၁၈)နှစ်မြောက်အဖြစ် ပြုလုပ်ခြင်းဖြစ်သည်။ ဒီဇင်ဘာလ (၁၂) ၁၉၉၃ ခုနှစ်တွင် ကျဆုံးသွားသည့် (PDF) အဖွဲ့အား ဦးဆောင်တည်ထောင်ခဲ့သည့် ဗိုလ်မှူးကြီး(ဟောင်း) ဦးစိန်မြအတွက် သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းခဲ့ပြီး တက်ရောက်လာသူများအား ကျွေးမွေးဧည့်ခံခဲ့သည်။

အဆိုပါနေ့ အထိမ်းအမှတ်အဖြစ် တပ်မတော်တွင်းရှိ တပ်မှူးတပ်သားများအား ပန်ကြားချက်တစောင် ထုတ်ပြန်ကာ လက်ရှိအုပ် ချုပ်နေသူများအား ဖယ်ရှားကာ နည်းလမ်းပေါင်းစုံဖြင့် ပြည်သူတပ်မတော်သားဘဝ၊ ပြည်သူ့တပ်မတော်ဘဝကို အမြန်ဆုံးအသွင်ကူးပြောင်းရန် တိုက်တွန်းခဲ့သည်။

အဆိုပါနေ့အထိမ်းအမှတ်သို့ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင် စုစုပေါင်း (၁၀၀)တက်ရောက်ခဲ့ကာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS)နှင့် မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု (FDB) တို့မှ သဝဏ်လွှာပေးပို့ခဲ့သည်။

## လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီနှင့် ဆွီဒင်နိုင်ငံအလုပ်သမားအဖွဲ့အစည်း(ABF)မှ ကိုယ်စားလှယ်များတွေ့ဆုံ



လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီဌာနချုပ်ရုံးတွင် ပါတီမှတာဝန်ရှိသူများနှင့် ဆွီဒင်နိုင်ငံ အလုပ်သမားအဖွဲ့အစည်း (ABF)မှ ကိုယ်စားလှယ်အဖွဲ့တို့ ၂၀၀၇ ခုနှစ် နိုဝင်ဘာလကုန်ပိုင်းနှင့် ဒီဇင်ဘာလဆန်းပိုင်းများတွင် အကြိမ်ကြိမ်တွေ့ဆုံခဲ့၊ ညှိနှိုင်းခဲ့ကြပါသည်။

ဆွီဒင်နိုင်ငံ ဆိုရှယ်ဒီမိုကရက်တစ်ပါတီနှင့် လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီတို့၏ ပါတီချင်း ပူးပေါင်းလက်တွဲဆောင်ရွက်နိုင်သော အခြေအနေများနှင့် အခင်းအကျင်းများကို ရှာဖွေခဲ့ကြပြီး ထိုင်းနိုင်ငံရောက်ရွှေ့ပြောင်းအလုပ်သမားများအကြား စည်းရုံးပညာပေးရေးလုပ်ငန်းများကို အခြားသော အလုပ်သမားအရေးဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်သွားကြရန် လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

မဲဆောက်အခြေစိုက် အလုပ်သမားအရေး ဆောင်ရွက်နေသော အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်လည်း ၎င်းကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု အစည်းအဝေးခန်းမမှာ တွေ့ဆုံခဲ့ကြသည်။

၎င်း ဆွီဒင်အလုပ်သမားအဖွဲ့အစည်း (ABF)သည် အရှေ့ဥရောပနိုင်ငံများ၊ အာဖရိကနိုင်ငံများမှ အလုပ်သမားထုကြားတွင် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိခဲ့ပြီး၊ အာရှနိုင်ငံအလုပ်သမားများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း အတွေ့အကြုံမှာတော့ ယခင်က မရှိခဲ့သေးကြောင်း အဖွဲ့အစည်း၏ တင်ပြချက်အရ သိရှိရပါသည်။

XXXXXXX

# နိုင်ငံတကာ လူ့အခွင့်အရေးနေ့ ဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲများကျင်းပ



၂၀၀၇ ခုနှစ် ဒီဇင်ဘာလ (၁၀)ရက်နေ့က CDC အထက်တန်းကျောင်းတွင် နိုင်ငံတကာ လူ့အခွင့်အရေးနေ့ ဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲများ ကျင်းပပြုလုပ်ခဲ့ကြပါသည်။ ဤအစီအစဉ်ကို ABSDF (သြစတြေးလျဌာနခွဲ)မှ ဦးစီးပြုလုပ်တာဖြစ်ပြီး မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၊ ABSDF၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီနှင့် မဲဆောက်ရှိ အထက်တန်းကျောင်းများ၊ အလယ်တန်းကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စုပေါင်းပါဝင် ဆောင်ရွက်ကြတာ ဖြစ်ပါသည်။

ဟောပြောပွဲတွင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ တွဲဘက်အထွေထွေ အတွင်းရေးမှူး ကိုငွေလင်းက "လူ့အခွင့်အရေးတွေ ကမ္ဘာနှင့်ချီပြီး ချိုးဖောက်ခံခဲ့ကြရတဲ့ ပထမကမ္ဘာစစ်ကြီးနှင့် ဒုတိယကမ္ဘာစစ်ကြီးတွေ ဖြစ်ပွားပေါ်ပေါက်ခဲ့တဲ့ ဒီကမ္ဘာမှာ နောင်ဒီလို လူ့အခွင့်အရေးတွေ ချိုးဖောက်မခံကြရအောင် ကမ္ဘာ့ခေါင်းဆောင်ကြီးများဟာ လူ့အခွင့်အရေး ပဋိညာဉ်စာတမ်းကို စုပေါင်းရေးဆွဲအတည်ပြုခဲ့ကြတယ်။ ဒါကို မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရပြီး မကြာခင်မှာပဲ သွားရောက်လက်မှတ်ထိုးခဲ့၊ သဘောတူခဲ့တာ ဖြစ်တယ်။ ဒါပေမယ့် ဒီနေ့ထိ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးတွေဟာ စက္ကန့်နှင့်အမျှ ချိုးဖောက်ခံနေရဆဲပဲ။" ဟု ထည့်သွင်းပြောဆိုခဲ့ပါသည်။

HREIB မှ တာဝန်ရှိသူ ကိုအောင်ဇော်ထွေးမှလည်း လူ့အခွင့်အရေး ပဋိညာဉ်စာတမ်းပါ အချက်အလက်များကို အကျယ်တဝန့် ရှင်းလင်းဟောပြောခဲ့ပြီး စာစီစာကုံးပြိုင်ပွဲဆုရရှိသူများနှင့် ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများအား ရွှေဝါရောင်တော်လှန်ရေးမှာ ရှေ့တန်းက ပါဝင်လှုပ်ရှားခဲ့သူ ကဗျာဆရာ ဆရာအောင်ဝေးက ဂုဏ်ပြုအမှတ်တရ စကားပြောဆိုပြီး ကဗျာတပုဒ်ကိုလည်း ဂုဏ်ပြုရွတ်ဆိုခဲ့ကြောင်း သိရှိရသည်။

XXXXXXX

# လူထုစည်းရုံးရေးသင်တန်း (2/2007) ကျင်းပ




ထိုင်းမြန်မာနယ်စပ်မဲဆောက်မြို့ရှိ ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့တွင် လူထုစည်းရုံးရေးသင်တန်း 2/2007 ကို ဒီဇင်ဘာလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ သုံးရက်တာ သင်တန်းပြုလုပ်ခဲ့သည်။

အဆိုပါလူထုစည်းရုံးရေးသင်တန်းကို စက်ရုံအချို့မှ အလုပ်သမားများနှင့် (အလုပ်ရှင်၊ အလုပ်သမား)အမှုရင်ဆိုင်နေသော တိုက်ပွဲဝင်အလုပ်သမား (၁၈)ဦး တက်ရောက်ခဲ့ကြသည်။ သင်တန်းပို့ချသူများအဖြစ် ဦးမောင်မောင်ကြီး(HREIB)နှင့် ရောင်ခြည်ဦးအဖွဲ့သားများက ဆောင်ရွက်ခဲ့သည်။ သင်တန်းတွင်ပို့ ချခဲ့သောအကြောင်းအရာများမှာ လူ့အခွင့်ရေးအခြေခံအချက်(၃၀)ကို အပြန်အလှန်ဆွေးနွေးခြင်း၊ ထိုအခွင့်အရေးထဲမှ အလုပ်သမားအခွင့်အရေးကို ထိုင်းနိုင်ငံ၏ထုတ်ပြန်ထားသောအလုပ်သမားဥပဒေအရ ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားခြင်း၊ တိုက်ပွဲဝင်ရမည့် ပုံသဏ္ဍာန်များကို ချပြဆွေးနွေးခြင်းတို့အပြင် အမျိုးသမီးနှင့် အမျိုးသား လိင်ကွဲပြားခြားနားမှုအပေါ် ခွဲခြားသည့်အမြင်များကို ဆွေးနွေးတင်ပြခဲ့သည်။ ထို့နောက် လူထုစည်းရုံးရေးဆိုင်ရာနည်းနာများ လူထုစည်းရုံးရေးမှူးကောင်းတစ်ယောက် လိုက်နာသင့်သောအချက်များကို ဆွေးနွေးရှင်းလင်း၍ လူထုစည်းရုံးရေးမှူးကောင်းများဖြစ်လာကြစေရန် တိုက်တွန်းပြီးနောက် သင်တန်းအခမ်းအနားအောင်မြင်စွာ ရုတ်သိမ်းခဲ့သည်။

XXXXXXX

# အမှောင်ဆုံး ၏ အမှောင်ဆုံးနေ့ရက်များ

## [၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်]

(၁)

ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်မတော်သည် နအဖစစ်တပ်၏ အတင်းအဓမ္မနည်းလမ်းဖြင့် လက်နက်နှင့် ငြိမ်းချမ်းရေးကို အပြီးအပိုင်လဲလှယ်ခံလိုက်ရပြီးနောက်ပိုင်း ကျမတို့ပလောင်နိုင်ငံရေး အခြေအနေတခုလုံးကို သုံးသပ်ကြည့်မည်ဆိုလျှင် ပလောင်ဒေသမှာ ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ ပိုမိုပြီးဆိုးဝါးလာသည်ကို တွေ့ရှိရပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှု ပုံသဏ္ဍာန်အမျိုးမျိုးနေ့စဉ်နေ့တိုင်း မျက်စိထဲမှာမြင်တွေ့နေရပြီး ပြည်သူလူထု၏ ရင်ဖွင့်သံကိုလည်း အချိန်နှင့်အမျှကြားနေရပါသည်။ မြန်မာပြည်မှာ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီနေ့သစ်များဆီကို သွားဖို့ကြိုးစားနေရမည့်အချိန်မှာ တိုင်းရင်းသားဒေသမှာ သေနပ်သံများမစဲနိုင် ဖြစ်နေကြရပါသည်။ မြန်မာနိုင်ငံကြီးသည် ဒီမိုကရေစီလမ်းကြောင်းအတိုင်းသွားဖို့ဦးတည်နေပါသည်ဟု နအဖ ပြောပြောနေသည့်စကားသည် တကယ်ပဲ ဟုတ်ရောဟုတ်ပါသလား၊ မေးစရာဖြစ်လာပါသည်။

ကျမတို့ နေ့စဉ်နေ့တိုင်းကြုံတွေ့ခံစားနေရသော လူ့အခွင့်အရေးချိုးဖောက်ခံနေရမှုများကို တင်ပြချင်ပါသည်။

(၂)

၁၉၉၁ ခုနှစ်တွင်(နဝတ)စစ်အစိုးရနှင့် ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်မတော်သည် စေ့စပ်ဆွေးနွေးပြီး အပစ်ခတ်ရပ်စဲရေးကိုပြုလုပ်ခဲ့ပါသည်။

အပစ်ခတ်ရပ်စဲထားသည့် ကာလပတ်လုံးတွင် နအဖစစ်တပ်များသည် ပလောင်ပြည်သူလူထုအပေါ် လူ့အခွင့်အရေးအမျိုးမျိုး ချိုးဖောက်ခဲ့ပါသည်။ ပလောင်ပြည်သူလူထုများက ချိုးဖောက်မှုဒဏ်ကို မခံမရပ်နိုင်လောက်အောင် ဖြစ်ခဲ့ကြရပါသည်။ ထို့ပြင် နအဖစစ်အစိုးရဖက်မှ အပစ် ခတ်ရပ်စဲရေးပြုလုပ်ထားသော အဖွဲ့များကို နည်းလမ်းအမျိုးမျိုးဖြင့် လက်နက်ချရန်အတွက် ဖိအားပေးလာပါသည်။ (နအဖ) မြန်မာစစ်အစိုးရသည် ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်မတော်ကို ၂၀၀၅ ခုနှစ်၊ ဧပြီလ၊ ၂၁ရက်နေ့တွင်၄င်းတို့ လက်နက်များကို တရားဝင်ပေးအပ်ရန် အကြပ်ကိုင် တောင်းဆိုခဲ့ပါသည်။ ဤသို့ဖြင့် PSLA သည်လည်း မိမိတို့အမျိုးသားများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် နှစ်ပေါင်းများစွာကိုင်စွဲထားသော လက်နက်များကို အပြီးအပိုင်ပေးအပ်လိုက်ရသည့် အနေအထားသို့ရင်နာစွာဖြင့် ရောက်ရှိသွားခဲ့ရပါသည်။

လက်နက်ချပြီးနောက်ပိုင်းတွင် PSLA မှ တပ်အားလုံးကိုဖျက်သိမ်း၍ ရဲဘော်များအားလုံးကို ၄င်းတို့အိမ်များသို့ပြန်စေခဲ့ပါသည်။ ၄င်းတို့ ထိန်းချုပ်ထားသော ဒေသများအားလုံးရှိ ကျေးရွာများသည် စစ်အစိုးရတပ်များထိန်းချုပ်မှု ဘောင်စနစ်အောက်သို့ လုံးဝကျရောက်ခဲ့ပါသည်။ လက်နက်ချပြီးနောက်ပိုင်းတွင် လူ့အခွင့်အရေးချိုးဖောက်မှုများသည် အကြီးအကျယ် ဆိုးရွားလာခဲ့ပါသည်။

(၃)

ပလောင်လူမျိုးများသည် လက်ဖက်ကိုအဓိကအားဖြင့် မှီ၍ လုပ်ကိုင်စားသောက်ကြသော လူမျိုးဖြစ်ပါသည်။ စစ်အစိုးရပိုင် အချိုခြောက်စက်ရုံများမှ လက်ဖက်ဈေးနှုန်း ကန့်သတ်ထိမ်းချုပ်ထားမှုများအပါအဝင် ဆိုးရွားလှသောစစ်အစိုးရ၏ ဘက်ပေါင်းစုံဖိုလ်ကျစိုးမိုးသည့် စနစ်ကြောင့်ရှမ်းပြည်မြောက်ပိုင်း ပလောင်လူမျိုးများသည် မူးယစ်ဆေးဝါး(ဘိန်း) စိုက်ပျိုးမှု၊ ရောင်းဝယ်ဖောက်ကားမှု၊ သုံးစွဲမှုများဆီသို့ တွန်းပို့ခံရသလိုဖြစ်ခဲ့ရပါသည်။ သို့ဖြင့် ဘိန်းစိုက်ပျိုးထုတ်လုပ် သုံးစွဲမှုအရှိန်ပိုမိုမြင့်မားလာခဲ့ပါသည်။

မြန်မာစစ်အစိုးရနှင့် ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်ပြစ်မှုများဆိုင်ရာရုံး(UNODC) မှ ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံအတွက် မူးယစ်ဆေးဝါးထုတ်လုပ်မှုများသည် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း အကြီးအကျယ် ကျဆင်းခဲ့သည်ဟု အံ့သြဖွယ် ဖော်ပြထားပါသည်။ သို့သော် ပလောင်အမျိုးသမီးအစည်းအရုံးက ၂၀၀၄ မှ ၂၀၀၆ ခုနှစ်အတွင်း ဘိန်းနှင့်ပတ်သက်၍ သုတေသနများပြုလုပ်ပြီး "အဆိပ်သင့်ပန်းများ၊ တိုးတက်များပြားလာနေသော မူးယစ်ဆေးစွဲပြဿနာကြောင့် မြန်မာနိုင်ငံအတွင်းရှိ ပလောင်အမျိုးသမီးများအပေါ် ဆိုးကျိုးသက်ရောက်မှုများ" အစီရင်ခံစာကို ထုတ်ဝေဖြန့်ချိခဲ့ပါသည်။

၎င်းအစီရင်ခံစာ ထုတ်ဝေဖြန့်ချိပြီးနောက်ပိုင်းတွင် UNODC ထုတ်ပြန်ခဲ့သော အစီရင်ခံစာများသည် လိမ်ညာထုတ်ပြန်ထားကြောင်း နိုင်ငံတကာအား အထင်အရှား သိမြင်သွားစေခဲ့ပါသည်။ ဘိန်းစိုက်ပျိုးမှု၊ ဘိန်းရောင်းဝယ်ဖောက်ကားမှု၊ ဘိန်းသုံးစွဲ မှုများကြောင့် ပလောင်ဒေသတွင် သူခိုး၊ ဓါးပြ၊ လူသတ်မှုစသည့်ရာဇဝတ်မှုများလည်း များစွာဖြစ်ပေါ်လာခဲ့ပါသည်။ ဘိန်းစားများက အလုပ်မလုပ်ဝင်ငွေမရှိ ဖြစ်ပြီး အိမ်တွင်းပစ္စည်းများကို ရောင်းစားကြသည်။ ကုန်လျှင်တခြားအိမ်များကိုကူး၍ ပစ္စည်းခိုးယူကြသည်။ ခိုးယူ၍မရလျှင် ဓါးမြတိုက်သည်။ ဓါးမြတိုက်သည့်အခါတွင် လူသတ်မှုများအဆင့်ထိ ရောက်သွားသည်ကို တွေ့ရှိရသည်။ အထူးသဖြင့် မူးယစ်ဆေးစွဲနေကြသော ခင်ပွန်းသည်များနှင့် သားများအတွက်မိခင်များ၊ ဇနီးမယားများဖြစ်ကြသည့် ပလောင်အမျိုးသမီးများအဖို့ ကြမ်းတမ်းပြင်းထန်လှသည့် ဆိုးကျိုးသက်ရောက်မှုများကို ခံစားကြရပါသည်။ ပလောင်ပြည် နယ်လွတ်မြောက်ရေးတပ်မတော် လက်နက်ချပြီးနောက်ပိုင်း၊ ၂၀၀၆–၂၀၀၇ ခုနှစ်နောက်ပိုင်းတွင် ဘိန်းစိုက်ပျိုးမှုနှုန်းတစုံတရာ လျော့ကျမှုရှိလာခဲ့သော်လည်း ဘိန်းရောင်းဝယ်ဖောက်ကားမှုနှင့် ဘိန်းသုံးစွဲမှုများ ပို၍ ဆိုးဝါးလာခဲ့ပါသည်။ နမ့်ခမ်း၊ နမ့်ဆန်၊ မန်တုံမြို့နယ်အတွင်းရှိ ကျေးရွာတိုင်းတွင် အမျိုးသားများ၏ ဘိန်းကို မှီဝဲသုံးစွဲလာမှုသည် ကြောက်စရာကောင်းလောက်အောင် မြင့်တက်ခဲ့ပါသည်။ အိမ်ခြေ ၆၀ ရှိလျှင် ဘိန်းသုံးစွဲသော အိမ်က ၅၀ ကျော်နေသည်ကို မယုံကြည်နိုင် လောက်အောင်တွေ့ရှိရပါသည်။

ရွာတိုင်းလိုလိုမှာ ဘိန်းသုံးစွဲမှုများနှင့် ရောင်းဝယ်ဖောက်ကားမှုများ တွေ့ရှိရပါသည်။ အမျိုးသားများသာကမက အမျိုးသမီးများပါ ဘိန်းကို သုံးစွဲလာကြသည်ကိုလည်း သုတေသနပြုချက်များအရ တွေ့ရှိရပါသည်။ (နအဖ) စစ်အစိုးရများသည် ပလောင်ပြည်သူလူထုကို အနုနည်းဖြင့် ဘိန်းဇာတ်သွင်း၍ ဖြိုခွဲဖျက်ဆီးနေခြင်းဖြစ်ပါသည်။ ဘိန်းတိုက်ဖျက်ရေး ဆိုင်းဘုတ်ကို ရွာတိုင်းတွင်ကပ်ထားသော်လည်း အမှန်တကယ် အရေးယူဖြေရှင်း တိုက်ဖျက်ပေးမှုမှာ လုံးဝမရှိသလောက် အားနည်းနေသည်ကို တွေ့ရှိရပါသည်။ ဘိန်းတိုက်ဖျက်ရေး ပြုလုပ်မှုမရှိဘဲဘိန်းကို အကြောင်းပြု၍ လဒ်စားရေး၊ အမြတ်ထုတ်ရေးများသာ ပြုလုပ်နေသည်ကို တွေ့ရှိရပါသည်။

(၄)

ပလောင်အမျိုးသမီးများသည် မိသားစုစီးပွားရေး အဆင်မပြေမှုကြောင့် တရုတ်ပြည်သို့စွန့်စားပြီး အလုပ်သွားလုပ်ကြရပါသည်။ စီးပွားရေးအဆင်မပြေမှုများကြောင့် လူကုန်ကူးမှုများသည်လည်း အကျိုးဆက်အဖြစ် ပေါ်ပေါက်လာပါသည်။ တရုတ်ပြည်တွင် တရုတ်မယားငယ်အဖြစ်၊ ပိုက်ဆံသိပ်မရသော အလုပ်ကြမ်းသမားများအဖြစ် ရောင်းအစားခံကြရပါသည်။ တချို့မှာ အိမ်ကို လုံးဝပြန်၍ မလာရတော့ပါ။ တချို့သော အမျိုးသမီးများမှာ ရိုက်နှက်နှိပ်စက်ခံရသည်အထိ ဖြစ်ကြရပါသည်။ လူကုန်ကူးမှုသည် တဖြည်းဖြည်းပိုမို များပြားလာပါသည်။ နအဖများက လူကုန်ကူးမှုပြဿနာများရှိသည်ကို သိရှိခဲ့သော်ငြားလည်း အရေးယူဖြေရှင်းပေးခြင်း မရှိခဲ့ပါ။

(၅)

အတင်းအဓမ္မစေခိုင်းသည့်နေရာတွင် ၂၀၀၇ ခုနှစ်အတွင်း ပလောင်ဒေသကို ကွင်းဆင်းလေ့လာသည့်အခါတွင် စစ်ထဲသို့အတင်းအဓမ္မဝင်ခိုင်း သည့်ဖြစ်ရပ်များကို တွေ့ရှိရပါသည်။ ၄င်းရန်ကိုရှောင်သည့်အနေဖြင့် ရွာတိုင်းတွင် အသက်(၁၈)နှစ်ကျော်လျှင် များသောအဖြင့် ခရီးထွက်တတ်ကြသည်။ နမ့်ဆန်မြို့တွင်(ခလရ ၃၂၄) ၏တပ်ရင်းများက အုပ်ချုပ်ပါသည်။ နမ့်ဆန်မြို့နယ်ရှိကျေးရွာအသီးသီးမှ ယောက်ျားလေးရှိသော အိမ်များကို နအဖစစ်တပ်ထဲသို့ မဝင်မနေရအမိန့်ထုတ်ပြီး စစ်သားသစ်အတင်းစုဆောင်းပါသည်။ နအဖစစ်တပ်ထဲသို့ မဝင်သောအိမ်ကို ဒဏ်ငွေပေးဆောင်စေပါသည်။

ထို့ပြင်နအဖစစ်တပ်သည် နွေစပါးကိုလည်း အတင်းစိုက်ခိုင်းပြီး ထွက်လာသောစပါးကိုလည်း တင်းတစ်ရာကိုကျပ်ငွေ(၃) သောင်းကျော်ကျော်ဈေးဖြင့် ဈေးကွက်ပေါက်ဈေးထက် များစွာနည်းပြီး အတင်းဝယ်ယူပါသည်။ မြေအနေအထား၊ရာသီအနေအထားကြောင့် နွေစပါးသည် ပလောင်ဒေသတွင် စိုက်ပျိုးသော်ငြားလည်း မဖြစ်ထွန်းခဲ့ပေ။

ထိုနည်းတူစွာ ကြက်ဆူပင်ကိုလည်း ကျေးရွာအုပ်စုတိုင်းတွင် မစိုက်မနေရစိုက်ကြရပြန်ပါသည်။ ကြက်ဆူပင်မှာကျမတို့ ပလောင်လူမျိုးများ၏ပင်မစီးပွားရေး ဘယ်လိုမှမဟုတ်သလို၊ ပလောင်ဒေသတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်သော အပင်မျိုးလည်းမဟုတ်ပါ။ ရွာတိုင်းတွင်“ရွာ၏အလှကြက်ဆူပင်က”ဆိုသည့်ဆိုင်းဘုတ်များကို ထူခိုင်းပြီး မြို့တိုင်း၊ ရွာတိုင်း ကြက်ဆူပင်ကို စိုက်ခိုင်းနေတော့သည်။

ထို့အပြင် ၂၀၀၇ ခုနှစ်အတွင်းတွင်နမ့်ခမ်းမြို့၊ နမ့်ဆန်မြို့၊ မန်တုံမြို့ ကျေးရွာအသီးသီးထံသို့ အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့ရန်အတွက်တရွာလျှင်( ၃၁၀၀၀)ကျပ်ဖြင့်သက်ဆိုင်ရာ ရယကအဖွဲ့မှတဆင့် ကောက်ခံခိုင်းတာမျိုးကလည်း ရှိသေးသည်။

ပလောင်ဒေသအတွင်း နအဖစစ်တပ်အတွက် လမ်းဖောက်သည့် စီမံကိန်းများတွင် ပလောင်ပြည်သူများ၏လုပ်အားကို အတင်းအဓမ္မအသုံးပြု၍ လမ်းဖောက်ခိုင်းပါသည်။ တခါတရံလမ်းမပေါ်တွင် ဆိုင်ကယ်များတွေ့ရှိပါက ဆိုင်ကယ်များကို ချောအဖြစ်ဆွဲခေါ်ပါသည်။ မြင်းများရှိသော အိမ်ကို သူတို့၏စားနပ်ရိက္ခာများကို ပို့ဆောင်ခိုင်းပါသည်။ လမ်းဖောက်ခြင်းကို အကြောင်းပြုပြီး ပလောင်ဒေသတွင်ဝိုင်းရံ၍ တပ်စခန်းများကိုတိုးချသည်။ ပလောင်လူထုကို စစ်တမ်းကောက်ယူတာမျိုးလည်းလုပ်လာသည်။

၂၀၀၇ခုနှစ်အတွင်း ဩဂုလမှ စက်တင်ဘာလအထိ မှတ်ပုံတင်ကို မပြုလုပ်မနေရဖြင့် ရွာတိုင်းကိုလိုက်ပြီး ပြုလုပ်စေခဲ့ပါသည်။ မှတ်ပုံတင်ကိစ္စတွင် ပြည်သူလူထုကိုများစွာ ထိခိုက်နစ်နာစေပါသည်။ တယောက်ကိုသောင်းဂဏန်းဖြင့် ကျပ်ငွေပေးဆောင်ခိုင်းပါသည်။ မှတ်ပုံတင်ပျောက်သောသူများကိုထပ်မံ၍ ဒဏ်ငွေပေးဆောင်ခိုင်းပါသည်။ အထက်က မတရားသော နည်းလမ်းဖြင့်ငွေများကို ပေးဆောင်စေသည့်အပြင် မြို့နယ်အဆင့်မှထပ်မံပြီး ငွေအချို့ကိုပေးဆောင်စေပါသည်။ ရွာလူကြီးကလည်း ထပ်မံပြီး ကြားပေါက်ကနေလဒ်စားပါသည်။ ပြည်သူလူထုများက မခံမရပ်ဖြစ်ပြီး ပလောင်ဒေသ အချို့တွင် ဆန္ဒပြခဲ့သည်အထိ ဖြစ်ခဲ့ရပါသည်။

“ရွှေကိုရောင်း၍ မှတ်ပုံတင်လုပ်ရတယ်ဆိုတာ ဟုတ်ပါသလား” “ဟုတ်တယ်” “ဟုတ်တယ်”

“စပါးမရသေး၍ စပါးကိုကြိုတင်ရောင်းပြီး မှတ်ပုံတင်ပြုလုပ်ရတယ်ဆိုတာ ဟုတ်ပါသလား” “ဟုတ်တယ်” “ဟုတ်တယ်”
“လယ်ကွက်ကိုပေါင်ပြီး မှတ်ပုံတင်ပြုလုပ်ရတယ်ဆိုတာ ဟုတ်ပါသလား” “ဟုတ်တယ်” “ဟုတ်တယ်” ဆိုပြီးဟစ်အော်ဆန္ဒပြခဲ့ကြပါသည်။ တမိသားစုမှာ မှတ်ပုံတင်လုပ်ရမည့်အရွယ်က(၃–၄) ယောက်ရှိသည်ဆိုလျှင် မှတ်ပုံတင်ကို လုံးဝမလုပ်နိုင်ဖြစ်ကြရပါသည်။ သို့သော် မလုပ်မနေရဆိုပြီး အတင်းအဓမ္မလုပ်ခိုင်းလာသည့်အခါ ကျွဲပေါင်ခြံရောင်း ဖြစ်ကုန်ကြရပါတော့သည်။

(၆)

ပေါ်တာဆွဲခေါ်မှုများသည် ရှမ်းပြည်မြောက်ပိုင်း ပလောင်ဒေသရှိ မြန်မာစစ်တပ်များ၏ ပုံမှန်အလုပ်လိုဖြစ်နေပါသည်။ မြို့နယ်တိုင်းတွင် တပ်စခန်းများရှိသည့်အတွက် တရွာနှင့်တရွာကို ပြောင်းရွှေ့သည့်အခါတွင် ပလောင်ပြည်သူလူထု၊ မြင်း၊ ဆိုင်ကယ်၊ ထော်လာဂျီများကို ခေါ်ယူ၍ အသုံးပြုကြပါသည်။ ရှမ်းတော်လှန်ရေးတပ်များက ရွာကိုဝင်လာသည့်အခါများတွင်လည်း မြန်မာစစ်တပ်များက ရွာကိုလာ၍စစ်ဆင်ရေးဆင်းတတ် ကြသည်။ စစ်ဆင်ရေးဆင်းသည့်အခါတွင် ရွာထဲတွင်ဆန်၊ ဟင်းသီးဟင်းရွက်မှအစ သူတို့လိုသည့်ဘာပစ္စည်းကိုမဆို အတင်းလုယက်ယူဆောင်သွားတတ်ကြပါသည်။ ပေါ်တာခေါ်သည့်အခါတွင် အမြင်ကပ်၍ ပြောစကားနားမထောင်သည့်အခါ မတော်တဆထိမိသလိုနှင့် သေနတ်နှင့်ပစ်သတ်ခဲ့သည်မျိုးလည်း တွေ့ရှိရပါသည်။

(၇)

ပလောင်အမျိုးသမီးများသည် နအဖစစ်တပ်များ၏ အတင်းအဓမ္မမုဒိမ်းကျင့်ခြင်းကို ခံနေရပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာစစ်

တပ်များသည် ပလောင်ဒေသတလျှောက်လုံးတွင် တပ်စခန်းများချထားကြပြီး တပ်စခန်းရှိသော နေရာတိုင်းတွင် အမျိုးသမီးများက မုဒိမ်းကျင့်ခြင်းကို တနေရာမဟုတ်တနေရာ ခံနေရပါသည်။ တချို့သောအမျိုးသမီးများမှာ ပေါ်တာလမ်းပြအဖြစ်ခေါ်ဆောင်သွားပြီး ညရောက်သောအခါ လိင်ဖြေဖျော်ရေးအတွက် အဓမ္မပြုကျင့်ခြင်းကို ခံကြရပါသည်။ တချို့သော အမျိုးသမီးများမှာ လယ်ကွက်၊ တောင်ယာနှင့် လက်ဖက်ခြံများဆီ တယောက်ချင်း၊ နှစ်ယောက်ချင်း သွားသည့်အခါတွင် စစ်တပ်များက လယ်တောထဲသွား၍ အမျိုးသမီးများကို အတင်းအဓမ္မ စော်ကားကြသည်များကိုလည်း တွေ့ရှိရပါသည်။

## (၈)

ရှမ်းပြည်မြောက်ပိုင်းတွင် လက်ဖက်နှင့်တခြားလုပ်ငန်းကို လုပ်ကိုင်စားသောက်ပါသည်။ လက်ဖက်ပေါ်သည့်အချိန်တွင် နအဖစစ်တပ်များကလက်ဖက်ဈေးနှုန်းကို သတ်မှတ်ပေးပါသည်။ ဈေးနှုန်းများကို မတရားဈေးနှိမ့်၍ပေးပါသည်။ လက်ဖက်အခွန်ပေါ်တွင်လည်း မတရားအခွန်ကောက်ခံပြန်ပါသည်။ မီးသွေးအရောင်းအဝယ် ပြုလုပ်သည့်အခါတွင်လည်း အခွန်များကို အဆမတန်ကောက်ခံသည်။ တခြားသောအရောင်းအဝယ်များမှာလည်း ထိုနည်းအတိုင်း အခွန်ကောက်ခံပါသည်။

လာဒ်စားမှုများလည်း အဆမတန်ဖြစ်နေပါသည်။ ပြဿနာတခုခု ဖြစ်ပေါ်လာပါက“ ကူညီပါရစေ” ဆိုသည့် နအဖ ဆိုင်းဘုတ်ကိုကြည့်ပြီး အမှုဖွင့်သည့်အခါတွင် ပိုက်ဆံကို အရင်ပေးပြီး တိုင်ကြားကြရသည်။ အမှုပြီးမြောက်သောအခါတွင်လည်း ပိုက်ဆံပေးရသည်။ ဘိန်းနှင့်ပတ်သက်၍ ဖမ်းဆီးမှုများတွင်လည်း လာဒ်ထိုးလျှင် ပြန်လွှတ်လာတာများပါသည်။ လာဒ်စားမှု ပေါင်းစုံရှိနေပါသည်။

လူ့အခွင့်အရေးချိုးဖောက်မှုများမှာ ပလောင်ဒေသတွင် ပေါင်းစုံရှိပါသည်။ ပလောင်အမျိုးသမီးအစည်းအရုံး၏ သုတေသနစာတမ်းတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖော်ပြထားပါသည်။ တခြားသော ပလောင်လူငယ်များ သုတေသနပြုလုပ်ထားသည့် “စစ်ဖိနပ်အောက်က ရွှေလီမြစ်”စာတမ်းအပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုစာတမ်းများတွင်လည်း များစွာ ဖေါ် ပြထားပါသည်။

## (၉)

၂၀၀၇ ခုနှစ် ရှမ်းပြည်မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ နမ့်ဆန်မြို့နယ်တွင် ခလရတပ်မတော်အချုပ်ခြောက်စက်ရုံ မှပိုလ်မှူးကြီးသန်းထွန်းနှင့် လက်ဖက်ပွဲရုံများမှအဆမတန် လက်ဖက်ဈေးကို နှိမ်၍သတ်မှတ်ပေးခဲ့သည်။ ထို့ပြင်လက်ဖက်ဈေးကို မည်သူမျှ ပိုမပေးရဟု အမိန့်ထုတ်လိုက်သည်။ လက်ဖက်ဈေးနှုန်း ပိုပေးသော လက်ဖက်ပွဲရုံကို အရေးယူမည်ဟု ကြေညာသည်။ လက်တွေ့လည်း အရေးယူတာမျိုးရှိလာသည့်အတွက် ဘယ်ပွဲရုံကမှ ဈေးပိုမပေးရဲ ဖြစ်ကြရပါသည်။ ပလောင်ဒေသတခုလုံး လက်ဖက်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြရတာဖြစ်သည့်အတွက် လက်ဖက်ဈေးကို အကန့်အသတ်နှင့် နှိမ့်ပေးခြင်းအားဖြင့် ပလောင်ပြည်သူများအားလုံး အခက်ခဲများကြုံတွေ့ကြရသည်။ လက်ဖက်ဈေးကို အဆမတန်ဈေးနှိမ့်ထားပြီးသည့်အပြင် လက်ဖက်အပေါ်မှာလည်း မတရား အခွန်အကောက်ခံနေရသဖြင့် ဒေသတခုလုံး တနေ့တခြား ဒုက္ခ ပိုမိုကြီးခဲ့ကြရသည်။

ရှမ်းပြည်မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ နမ့်ဆန်မြို့နယ်၊ နမ့်ခမ်း၊ မန်တုံမြို့နယ်အတွင်း ကုန်ပစ္စည်းတင်ပို့မှုများမှာလည်း ပိတ်ဆို့ခြင်းခံ ရပါသည်။ နမ့်ဆန်မြို့တွင် ဆန်၊ ဆီ၊ ဆား၊ ဟင်းချိုမှုန့်၊ ကြက်သွန်နီ၊ ဖြူ၊ ပဲ၊ ကုလားပဲတို့ကို နမ့်ဆန်မြို့သို့ လုံးဝတင်ပို့ခြင်း မပြုလုပ်ရပါ။ တင်ပို့သောသူများကို တရားမဝင်ပစ္စည်းတင်ပို့မှုဖြင့် ဖမ်းဆီးပိုင်ခွင့်ရှိသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း ထွက်ကုန်များကိုသာ လုံလောက်သည်ဖြစ်စေ၊ မလုံလောက်သည်ဖြစ်စေ အသုံးပြုရမည်ဟု အမိပ္ပါယ်မဲ့စွာ ကန့်သတ်ထားသည်။ ကုန်ပစ္စည်းများကို တင်ပို့ခွင့်မရှိခြင်းအားဖြင့် ပလောင်ပြည်သူလူထုများစွာ အခက်ခဲကြုံတွေ့နေရပါသည်။ တရားမဝင်သောနည်းလမ်းဖြင့် ကုန်ပစ္စည်းများကို တင်ပို့ရောင်းချနေရခြင်းကြောင့် ကုန်ဈေးနှုန်းများကို အဆ မတန်မလိုအပ်ဘဲ ကြီးသွားစေပါသည်။ ဆန်တအိတ် ၂ သောင်းကျော်၊ ဆီတပိဿာ ၃ထောင်ကျော် စသည့်တို့ဖြစ်လာရာ လက်ဖက်ဈေးနှုန်းနှင့် လုံးဝကိုက်ညီမှုမရှိချေ။ တချို့သောအိမ်များတွင် ထမင်းကိုနပ်မှန် အောင်မစားရသည့်အနေအထားသို့ရောက်ကြရတော့သည်။

## (၁၀)

လက်နက်ချပြီးနောက်ပိုင်းနှစ်များမှစ၍ နအဖ စစ်တပ်များသည် ပလောင်ပြည်သူများ၏ ဘိုးဘွားပိုင်လက်ဖက်ခြံ၊ တောင်ယာ၊ သစ်တောစသည်တို့ကို အတင်းအဓမ္မသိမ်းဆည်းပြီး နိုင်ငံတော်ပိုင်အဖြစ် ပြုလုပ်လိုက်ပါသည်။ လက်ဖက်ခင်း၊ တောင်ယာ၊ တောတို့ကိုတူးဆွပြီး တပ်စခန်းများဆောက်လုပ်ခြင်း၊ စစ်တပ်လေ့ကျင့်ရေးတပ်စခန်းများပြုလုပ်ခြင်း၊ လမ်းများဖောက်လုပ်ခြင်း၊ ရေကာတာဆောက်လုပ်ခြင်း၊ ကြက်ဆူပင်စိုက်ပျိုးခြင်းနှင့်နွေစပါးစိုက်ပျိုးခြင်းတို့ကို ပြုလုပ်ပါသည်။ ကျမတို့ပလောင်လူထုမှာ နယ်မြေဆုံးရှုံးမှုကြောင့် ဒုက္ခများစွာ ကြုံတွေ့နေရပါသည်။ ရွာသားများကို လျော်ကြေးပေးရန် ပြောထားပြီး နေ့ရွှေ့၊ လရွှေ့၊ နှစ်ရွှေ့ လုပ်နေကြပြန်ရာ ပလောင်လူထုမှာ တိုင်တမ်းစရာ အားကိုးစရာ လုံးဝမဲ့နေကြရပါသည်။

## (၁၁)

မြန်မာပြည်အခြေအနေကို သုံးသပ်ကြည့်မည်ဆိုလျှင် လူ့အခွင့်အရေးချိုးဖောက်ခံနေရမှုများသည် တနိုင်ငံလုံးမှာရှိပါသည်။ နေရာတိုင်းမှာရှိပါသည်။ အထူးသဖြင့် တိုင်းရင်းသားများ နေထိုင်သောဒေသများတွင် အများဆုံးတွေ့ရှိရပါသည်။ ကျမတို့ဒီမိုကရေစီကို လိုလားကြသော ပြည်သူလူထုတိုင်းကဝိုင်းဝန်း၍ ဤပြဿနာကို ဖြေရှင်းကြရမည်ဖြစ်ပါသည်။ နိုင်ငံသားတဦးတယောက်စီတိုင်းမှာ တာဝန်ရှိပါသည်။ ကျမတို့ စည်းလုံးညီညွတ်စွာဖြင့် ဤပြဿနာကို ဝိုင်းဝန်းဖြေရှင်းကြမည်ဆိုလျှင် ကျမတို့လိုချင်သောအနာဂတ်ကို ကေန်မုချရရှိနိုင်ပါသည်ဟု ကျမမျှော်လင့်ယုံကြည်မိပါသည်။ ။

**လိုညီးနွှေနှောင်း**

XXXXXXX

# အနှစ် (၆၀) လွန်တဲ့အခါမှာ

ဗသြ

လွတ်လပ်ရေးရတာ အနှစ် ၆၀ရှိသွားပြီ။

ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့နောက် ကမ္ဘာမှာ၊ အထူးသဖြင့်အာရှတိုက်မှာ လွတ်လပ်ရေးရတဲ့ နိုင်ငံတွေအလျှိုလျှိုပေါ်လာ ကြတယ်။ ဒီအထဲမှာ အိန္ဒိယ၊ အင်ဒိုနီးရှားလို လူဦးရေအင်မတန်များတဲ့ နိုင်ငံကြီးတွေလည်းပါတယ်၊ လာအိုလို၊ ကမ္ဘောဒီးယားလို နိုင်ငံငယ်တွေလည်းပါတယ်။ စထွက်တုန်းကတော့ အားလုံးအတူတူတာထွက်ခဲ့ကြတာပဲ။ ဒါပေမယ့် ရာစုနှစ်တစ်ဝက်ကျော်လာလို့ ပြန်ကြည့်လိုက်တော့ ဗမာပြည်က နောက်ဆုံးမှာ တရွတ်ဆွဲလိုက်နေတယ်ဆိုတာ တွေ့ကြရတယ်။ နအဖလက်ထက်ဗမာပြည်ရဲ့ ဒီနေ့ တဦးချင်းဂျီဒီပီနှုန်းက အာဆီယံနိုင်ငံတွေထဲမှာတောင် အနိမ့်ဆုံး။

အာရှတိုက်မှာ ဒုတိယကမ္ဘာစစ်အပြီး လွတ်လပ်လာတဲ့နိုင်ငံတွေရဲ့ လွတ်လပ်ပြီးကာလ သမိုင်းတွေကို သုတေသနပြုပြီး ယှဉ်လိုက်ရင် ဗမာပြည်လောက် နိုင်ငံရေးအရ ဖိနှိပ်မှုပြင်းထန်တာ၊ ရှည်ကြာတာ၊ နိုင်ငံရေးအကျဉ်းသမားတွေ များပြားတာမရှိဘူးလို့ တွေ့ရမယ်ထင်တယ်။ အထူးသဖြင့် ကိုယ့်နိုင်ငံသားချင်းအပေါ် ဖိနှိပ်ရာမှာ ကမ္ဘာရှားဖြစ်တယ်။ အမေရိကန်နဲ့တောင် တိုက်ခဲ့ကြရတဲ့ ကိုရီးယား၊ ဗီယက်နမ်စတဲ့ စစ်ပွဲကြီးတွေ ပြီးပြတ်ကုန်ပြီ။ ပြည်တွင်းစစ်ဆိုတာတွေလည်း အာရှအရှေ့ပိုင်းမှာ မကျန်တော့သလောက်ပဲ။ ဗမာပြည်မှာသာ– (လူဦးရေနဲ့အချိုးအစားတွက်လိုက်ရင်) ကမ္ဘာ့အကြီးဆုံး စစ်တပ်ကြီးတည်ဆောက်၊ ပြည်တွင်းစစ်ကိုတမင်မွေးပြီး ပျော်ပျော်ကြီးစစ်တိုက်စားနေတယ်။ စစ်အုပ်စုတွေက။

လွတ်လပ်ရေးနဲ့ပြည်တွင်းစစ်၊ အမြွှာလိုမွေးဖွားခဲ့တဲ့ ဗမာပြည်ကြီးဟာ ဒီစစ်ကြောင့်အမျိုးသားစည်းလုံးညီညွတ်ရေး မတည်ဆောက်နိုင်ပဲ အမျိုးသားစီးပွားရေးဟာ အဘက်ဘက်ကခြွတ်ခြုံကျလာခဲ့တယ်။ ဒါနဲ့ပြောင်းပြန် ဒီစစ်ကြောင့်ပဲ စစ်အုပ်စုခါးပိုက်ဆောင် စစ်တပ်ကြီးဟာ ကြီးထွားသထက်ကြီးထွားလာ၊ စစ်အုပ်စုနဲ့ အပေါင်းပါတွေ ချမ်းသာသထက်ချမ်းသာလာတယ်။ အရှေ့တောင်နဲ့ တောင်အာရှမှာ အစောဆုံးလွတ်လပ်ရေးရအောင် တိုက်ပွဲဝင်ခဲ့တဲ့ ဗမာပြည်ဟာ နိုင်ငံတကာအစည်းအဝေးတွေမှာ ခေါင်းမဖော်နိုင်ယုံမက ဟိုလူကဝေဖန်၊ ဒီလူကဆုံးမနဲ့မို့ ခေါင်းပုနေရတဲ့ဘဝ ရောက်နေရတယ်။

နအဖဟာ ဗမာပြည်ကို ကမ္ဘာ့အလယ်မှာဂုဏ်ယူနိုင်အောင် ဘာတွေများစွမ်းဆောင်ပေးနိုင်ခဲ့သလဲ။ စီးပွားရေး – တတိယနိုင်ငံအဆင့်ကနေ စတုတ္ထနိုင်ငံအဆင့်လျှောကျပြီး အကြွေးတွေ လည်ပင်းရောက်နေတယ် (ဒါတောင်သူများတွေက ချေးမပေးကြလို့၊ နအဖကတော့ အကြွေးသာရရင် ဆင်တောင်လက္ကားယူမယ်ဆိုတဲ့ဟာမျိုး)။ လူမှုရေး – လူမှုဖူလုံရေးခံစားခွင့်၊ အမတော်ကြေး စတာတွေဟာ သဏ္ဍာန်သာသာတောင်မှမရှိတော့။ ရှိသူနဲ့မရှိသူ၊ လူတန်းစားကွဲပြားမှုသိသာခြားနားလွန်းလို့ တရားရုံး၊ ဖြန့်ဖြေရေးရုံး စတာတွေ အားလုံးဟာ တံဆိပ်တုံးနှိပ်ရာ သက်သက်ဖြစ်ကုန်တယ်။ ကျန်းမာရေး– စစ်အုပ်စုထိပ်သီးပိုင်းသာမက ငွေကြေးတတ်နိုင်သူမှန်သမျှ ပြည်ပထွက် ဆေးကုနေကြတယ်။ အာဟာရမပြည့်စုံသူတွေ၊ ဆေးဝါးမတတ်နိုင်သူတွေ အများဆုံးရှိနေတဲ့ ဒီနိုင်ငံမှာမှ အေအိုင်ဒီအက်စ်ရောဂါက အဆိုးဝါးဆုံးနှိပ်စက်နေတယ်။ ပညာရေး – ကိုလိုနီခေတ်တုန်းက အိမ်နီးနားချင်းနိုင်ငံတွေကလူတွေ ဒီမှာလာပြီး ပညာမျိုးစုံသင်ယူကြတာတွေရှိတယ်။ အခုတော့ သားသမီးကို ပြည်ပပို့ပညာသင်ကြားစေရေး၊ ပြည်ပမှာပဲ အလုပ်အကိုင်ရရှိစေရေးဟာ မိဘတွေရဲ့မျှော်လင့်ချက်တခုဖြစ်နေပြီ။ နိုင်ငံရေး – လက်ရှိကမ္ဘာမှာ နိုင်ငံရေးအကျဉ်းသမားအရေအတွက် အများဆုံးနဲ့ သက်တမ်းအရှည်ဆုံး စံချိန်တင်ထားတယ်။

လွတ်လပ်ရေးဟာ ဘာအဓိပ္ပာယ်များရှိသေးသလဲ မေးစရာဖြစ်နေတယ်။ အာဇာနည်အဆက်ဆက်တို့ အသက်ပေးတိုက်ပွဲဝင်ခဲ့တာဟာ ဒီစစ်ဗိုလ်ချုပ်တွေ ကောင်းစားဖို့လားလို့လည်း မေးစရာဖြစ်နေတယ်။

လွတ်လပ်ရေးကို လွယ်လွယ်ကူကူရခဲ့တာမဟုတ်ဘူးဆိုတာ ဗမာနိုင်ငံသားတွေအသိဆုံးပဲ။ နယ်ချဲ့နိုင်ငံကြီးတွေချင်း စစ်ပွဲတွေ အသွင်နဲ့ ထိပ်တိုက်ဆောင့်နေကြတဲ့အကြားက ကိုလိုနီအမျိုးသားတရပ်က လွတ်လပ်ရေးရဖို့လုံးပမ်းရတယ်ဆိုတာ စွန့်လွှတ်ပိုင်း ဖြတ်မှုတွေလိုသလို နည်းပရိယာယ်တွေလိုလှတယ်။ အင်္ဂလိပ်ကိုလိုနီသခင်တွေရဲ့ ဟုမ္မရူး၊ ၂၁ဌာန၊ ဒိုင်အာခီ စတဲ့မျက်စေ့လည်စရာ ချော့မြှူမှုအမျိုးမျိုးကိုဖယ်ရှားပြီး ဓနသဟာယနိုင်ငံစာရင်းထဲတောင်မဝင်တဲ့ လုံးဝလွတ်လပ်ရေးကို ရအောင်တိုက်ပွဲဝင်ခဲ့ရတာ ဗမာပြည်က အမျိုးသားခေါင်းဆောင်အဆက်ဆက်နဲ့ ပြည်သူတွေရဲ့ ထူးခြားချက်ဖြစ်တယ်။ ဒီကြားထဲမှာ ဂျပန်ပေးတဲ့လွတ်လပ်ရေးကို ပါးနပ်စွာ အသုံးပြုပြီး ဂျပန်ကိုပြန်တော်လှန်ခဲ့တယ်ဆိုတဲ့ ဂုဏ်ယူစရာအချက်လည်းရှိသေးတယ်။

အရှေ့တောင်အာရှနဲ့ တောင်အာရှမှာ အစောဆုံးလွတ်လပ်ခဲ့တဲ့နိုင်ငံဟာ အခုအခါမှာ အဘက်ဘက်နောက်အကျဆုံးဖြစ်နေရတယ်။ စစ်အာဏာရှင်စနစ်ကြောင့်မို့ ဒီအဖြစ်ရောက်ရတယ်ဆိုတာ ဘာမှအငြင်းပွားစရာမရှိတဲ့အချက်ဖြစ်တယ်။ မိမိတို့ရဲ့ ဗမာနိုင်ငံကို ကမ္ဘာ့အလယ်မှာ ဂုဏ်နဲ့ဒြပ်နဲ့ ရပ်တည်နိုင်စေဖို့၊ ခေတ်မီစက်မှု၊ သိပ္ပံနည်းပညာများထွန်းကားတဲ့၊ ဖွံ့ဖြိုးတဲ့နိုင်ငံဖြစ်စေဖို့ဆိုရင် စစ်အာဏာရှင်စနစ်ကို ဖယ်ရှားရမယ်ဆိုတာလည်း ရှင်းနေတယ်။

ဗမာပြည်သားများအနေနဲ့ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသလိုပဲ စည်းလုံးညီညွတ်မှု၊ စွန့်လွှတ်မှု၊ အနစ်နာခံမှု၊ နည်း ပရိယာယ်ကြွယ်ဝမှုတွေ ဖော်ပြကြရအုန်းမယ်။

ဒီနေ့အခါမှာ နိုင်ငံတကာ့အခြေအနေက ဗမာပြည်သူပြည်သားတွေ ကိုယ့်ဖာသာလုံးပမ်းတိုက်ခိုက်မှရမယ်ဆိုတာကို ပြဋ္ဌာန်းနေတယ်။ ကယ်တင်ရှင်မျှော်ကိုးမှု၊ စိတ်ကူးယဉ်မှုတွေကို ဖယ်ရှားပြီး 'ငါသာလျှင်အရှင်သခင်၊ ငါသာလျှင် ငါ့သမိုင်းဖန်တီးသူ'ပီသစွာ တိုက်ပွဲဝင်ကြရမှာပဲ။ စစ်အုပ်စုကို ထိထိရောက်ရောက်ထိုးနှက်နိုင်ခဲ့တဲ့ ရှစ်လေးလုံးအရေးတော်ပုံနဲ့ စက်တင်ဘာအရေးအခင်း စိတ်ဓာတ်တွေကိုကိုင်စွဲ၊ အဲဒီက သင်ခန်းစာတွေထုတ်၊ အတုယူစရာတွေယူပြီး အောင်ပွဲအလံကို လွှင့်ထူကြပါစို့။

၂၀၀၈ ခုနှစ်ကို တိုက်ပွဲဝင်စိတ်ဓာတ်၊ အောင်ပွဲခံသန္နိဋ္ဌာန်နဲ့ လှမ်းဝင်ကြပါစို့။

XXXXXXX

# နိုင်ငံတကာ ရွှေ့ပြောင်းအလုပ်သမားများနေ့ အခမ်းအနား ကျင်းပ



၂၀၀၇ ဒီဇင်ဘာ(၂၀)ရက်နေ့က မဲဆောက်အခြေစိုက် အလုပ်သမားအရေးဆောင်ရွက်နေသော အဖွဲ့အစည်းများက နိုင်ငံတကာ ရွှေ့ပြောင်းအလုပ်သမားများနေ့ (International Migrant Workers Day) ကို ရောင်ခြည်ဦးအလုပ်သမားအဖွဲ့အစည်း အစည်းအဝေးခန်းမတွင် လည်းကောင်း၊ ကျောင်းသစ်ဘုန်းတော်ကြီးကျောင်းတွင် လည်းကောင်း ကျင်းပပြုလုပ်ခဲ့ကြပါသည်။

မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု ဒုတိယအတွင်းရေးမှူး ချုပ် ကိုငွေလင်းက ရောက်ခြည်ဦးအလုပ်သမားအဖွဲ့အစည်းမှ ပြုလုပ် သောစကားဝိုင်းတွင် "ကမ္ဘာကြီး၏ ဂလိုဘယ်လိုက်ဇေးရှင်း စီးကြောင်းကြီးအတွင်းက မြန်မာ့အလုပ်သမားများ၏ လက်ရှိ အနေအထားများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြခဲ့ပါသည်။

ကျောင်းသစ်ကျောင်းတွင် ပြုလုပ်သော အခမ်းအနားကို FTUB၊ BLSO၊ JACBA နှင့် Law clinic of Thailand တို့က စုပေါင်းပြုလုပ်ခဲ့ကြတာဖြစ်ကြောင်းနှင့် ထိုအခမ်းအနားမှာ ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ၊ ဖယောင်းတိုင်ထွန်းညှိ ဆုတောင်းပွဲများနှင့် ဟောပြောပွဲများကိုပါ ပြုလုပ်ခဲ့ကြကြောင်း သိရှိရပါသည်။

ထိုဟောပြောပွဲတွင် ဒုတိယအတွင်းရေးမှူးချုပ် ကိုငွေလင်းက "ကမ္ဘာကြီးရဲ့ စီးပွားရေး အဖွံ့အဖြိုးဟာ တနေရာနှင့် တနေရာ မတူဘူး။ နိုင်ငံတခုချင်းစီရဲ့ စီးပွားရေး အဖွံ့အဖြိုးသည်ပင်လျှင် တနေရာနှင့်တနေရာ မတူညီကြဘူး။ ဒါဟာ ရွှေ့ပြောင်းအ လုပ်သမားတွေ ပေါ်ပေါက်တည်ရှိနေရခြင်းရဲ့ အဓိကကျတဲ့ အခြင်းအရာတွေ ဖြစ်ပါတယ်။ ဒီထိုင်းနိုင်ငံမှာ ကျနော်တို့ နိုင်ငံသားရွှေ့ပြောင်း အလုပ်သမား ၂ သန်းလောက်ရှိတယ်လို့ ဆိုပါတယ်။ အဲဒီလို ဖြစ်ထွန်းတည်ရှိလာတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေ မနစ်နာကြရအောင် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး စတဲ့ကဏ္ဍတွေမှာ တစုံတရာ ကိုယ်ရေးလုံခြုံမှုရှိအောင် ဒီနေ့ နအဖစစ်အစိုးရက ဘာတာဝန်ယူထားသလဲ မယ်မယ်ရရ ပြောပလောက်အောင် ဘာတာဝန်မှ မယူဘူး။ ဒီအတိုင်း ဘာတာဝန်မှ မရှိသလို သူနှင့် လုံးဝမဆိုင်သလို ပစ်ထားခဲ့တယ်။" ဟု ထောက်ပြဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။ ထိုအခမ်းအနားမှာ ရွှေ့ပြောင်းအလုပ်သမား ၃၀၀နီးပါး တက်ရောက်ခဲ့ကြပါသည်။

XXXXXXX

**မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ မဟာဗျူဟာလုပ်ငန်းစဉ် ရည်မှန်းချက်(၄)ရပ်–**

**(၁) မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုအား ကျစ်လစ်ခိုင်မာပြီး စွမ်းဆောင်ရည်မြင့်သော နိုင်ငံရေးအင်အားစုတစ်ရပ်အဖြစ် စုစည်းတည်ဆောက်သွားရန်၊**

**(၂) ဒီမိုကရေစီတိုက်ပွဲဝင်အင်အားစုများအတွင်း မဟာဗျူဟာညှိနှိုင်းဆက်စပ်လုပ် ဆောင်မှုများ ဆောင်ရွက်သွားရန်၊**

**(၃) လူထုတိုက်ပွဲများ ပေါ်ပေါက်လာရေးအတွက် ဦးတည်ကြိုးပမ်းသွားရန်၊**

**(၄) ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဝန်းအဝိုင်းမှ ဟန်ချက်ညီစုပေါင်းအားထုတ်မှုများဖြင့် မြန်မာပြည်အရေး၌ ထိထိရောက်ရောက် ပါဝင်ဖြေရှင်းလာစေရေးအတွက် ကြိုးပမ်းသွားရန်၊**

# မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု ခေါင်းဆောင်များနှင့် အာအက်ဖ်အေ တွေ့ဆုံမေးမြန်းခန်း

RFA-23/24.12.2007

**ကိုငွေလင်း။** ။ တွေ့ဆုံဆွေးနွေးရေးကို သူကိုယ်တိုင်ပဲ တစုံတရာတော့လိုလားသယောင်ယောင်ပေါ့ အဲသလိုပြတာကလွဲလို့ ကြံ့ဖွံ့ညီလာခံမှာ ဗိုလ်သန်းရွှေ ပြေတဲ့မိန့်ခွန်းပဲဖြစ်ဖြစ် နောက်ပြီးတော့မှ အဲဒီကြံ့ဖွံ့ကထုတ်တဲ့ ၂၀၀၇ခုနှစ်၊ ညီလာခံက ထုတ်လိုက်တဲ့ထုတ်ပြန်ချက်မှာပဲကြည့်ကြည့် နောက်ပြီးတော့ ဗိုလ်သိန်းစိန်တောက်လျှောက်ပြောနေတဲ့ အချိန်မှာပဲကြည့်ကြည့် နောက်ဂမ်ဘာရီလာတုန်းမှာသူတို့ ဗိုလ်ကျော်ဆန်းတို့တွေ့ပြီးတော့မှပြောတဲ့ စကားတွေမှာပဲကြည့်ကြည့် Road Map(7)ချက်သာလျှင် အပျော့ပြောင်းဆုံးအညင်သာဆုံး ပြုပြင်ပြောင်းလဲနိုင်တဲ့ ဒီမိုကရေစီနိုင်ငံကိုသွားနိုင်တဲ့ အပျော့ပြောင်းဆုံးနည်းလမ်းဖြစ်တယ် တခုတည်းသောနည်းလမ်းဖြစ်တယ်လို့ ပြောလာတယ်လေ အဲဒီတော့ ကျနော်တို့မြင်တာကတော့ တွေ့ဆုံဆွေးနွေးရေးကို သူက လုပ်မှာမဟုတ်ဘူး။

**အာအက်ဖ်အေ။** ။ ဒီလိုနိုင်ငံတကာနဲ့ ပြည်သူတွေရဲ့စာနာမှု ဖိအားပေးမှုနဲ့ထောက်ခံမှုများလာတာဟာ စက်တင်ဘာသံဃာ့အရေးအခင်းကြောင့်ဖြစ်လာတာတွေဖြစ်ပြီး အစစ်အမှန်တွေ့ဆုံဆွေးနွေးရေးနဲ့ ဒီမိုကရေစီရေးဖြစ်လာဖို့ကတော့ နယ်စပ်အဖွဲ့အစည်းတွေ အပါအဝင် ပြည်တွင်းပြည်ပဒီမိုကရေစီအင်အားစုတွေ ရဟန်းရှင်လူအပါအဝင် ပြည်သူတွေအနေနဲ့ ဒီထက်ပိုပြီးတော့အလုပ် လုပ်ရဦးမယ်လို့လည်း ကိုငွေလင်းကပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က ဒီမိုကရေစီအင်အားစုတွေညီညွတ်ဖို့ တိုင်းရင်းသားကိစ္စတွေပါဖို့ တိုက်တွန်းတဲ့ကြေညာချက်ကို မစ္စတာဂမ်ဘာရီကနေတဆင့် ထုတ်ပြန်ခဲ့ရာမှာ မြန်မာစစ်အစိုးရအနေနဲ့ စိုးရိမ်မှုတွေပိုလာပြီး ဒီဒေါ်အောင်ဆန်းစုကြည်ရဲ့ ထုတ်ပြန်ကြေညာချက်ရဲ့ ဩဇာအရှိန်အဝါနဲ့ အများထောက်ခံမှုကိုဖြေလျော့ဖို့အတွက် တိုင်းရင်းသားအဖွဲ့အစည်းတွေကို ကန့်ကွက်စာတွေထုတ်ပြန်ခိုင်းခဲ့တာဟာ တွေ့ဆုံဆွေးနွေးရေးအတုလုပ်ဖို့သာပြင်ထားတဲ့ စစ်အစိုးရရဲ့ဟန်ဆောင်မှုကွာကျသွားတာလို့ သူကဆက်ပြောပါတယ်။ (FDB)အဖွဲ့ရဲ့ အတွင်းရေးမှူးချုပ် ဒေါက်တာနိုင်အောင်ကတော့ ဒါဟာဖြစ်လာနိုင်တဲ့ ဒီမိုကရေစီနဲ့ တိုင်းရင်းသားအင်အားစုတွေနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ စည်းလုံးညီညွတ်လာမှာကို ဖြိုခွဲတာလို့ဆိုပါတယ်။

**ဒေါက်တာနိုင်အောင်။** ။ နအဖကတပ်ကြီးတခုလုံးရှိတယ်ဗျ၊ ယန္တရားကြီးတခုလုံးရှိတယ်၊ သူ့အားတွေရှိတယ် ဒေါ်စုက တကိုယ်တော်ဆိုတဲ့အနေအထားမျိုးကို ဖြစ်အောင်ကိုလုပ်ပြီးတော့ သူ့ရဲ့ဝိတ်ကိုလျှော့အောင်လုပ်ခြင်းအားဖြင့် တွေ့ဆုံစကားပြောရင်တောင်မှ အသာသူဖြစ်ချင်တဲ့ဟာကိုဖြစ်အောင်လုပ်တဲ့ပုံစံမျိုး ဒါကဘက်တဘက်ကဖန်တီးတာပေ့ါ၊ နောက်တခါတလေ ကျသူတို့ကိုယ်တိုင်က ဘယ်လိုကြောင့်လည်းတော့မသိဘူး ဒီဒေါ်စုစာကလည်း သူတို့ပဲ သတင်းစာထဲမှာထည့်တာပြီးတော့လည်း သူတို့ဒီအပစ်အခတ်ရပ်ဆဲရေးအဖွဲ့တွေကို သူတို့က အလွယ်ပြောလို့ရတာကဘာလဲဆိုတော့ ဖြိုခွဲတာပေ့ါ သွေးကွဲအောင်လုပ်တာ၊ တကယ်တမ်းလည်း ပြောမယ်ဆိုလို့ရှိရင် ဖြစ်တာလည်းရှိတယ် ဥပမာ–ကျနော်တို့ဆိုလို့ရှိရင်တပ်ထဲမှာ ဒီနေ့ ဒီအချိန်မှာ နအဖနဲ့ဒီဘက်နဲ့ သူ့စည်းကိုယ့်စည်းရွေးကြမယ့်ဟာတွေဖြစ်လာတယ် ပြည်သူတွေအမြင်မှာ အင်အားစုတွေအမြင်မှာ ဒီလိုအဖွဲ့မျိုးတွေတကယ်တမ်းသာ စိတ်ပါလက်ပါလုပ်ခဲ့ရင် ဒီအဖွဲ့စည်းတွေဟာ ဘယ်လိုလဲဆိုတာကို အဲသလိုမျိုးတံဆိပ်ကပ်ကြမှာပဲ ဒါတွေကတော့ဖြစ်လာမှာ အများကြီးရှိတယ်၊ ဒီလိုမျိုးဖြိုခွဲမှုတွေလုပ်မယ်၊ ဒေါ်စုကို အားလုံးကထောက်ခံတာမဟုတ်ဘူးဆိုတာလုပ်မယ်၊ နဂိုတည်းကလည်း လုပ်ခဲ့တာက ဘာလည်းဆိုတော့ တိုင်းရင်းသားက ၁၃၅ မျိုးတောင်ရှိတာ ဘယ်လိုလုပ်မှာလည်းဆိုတဲ့ဟာမျိုးတွေနဲ့ တောက်လျှောက် ဒီလိုမျိုးအစထောင်ပြီးတော့ ဖြိုခွဲ့တဲ့ကိစ္စမျိုးတွေလည်း အများကြီးရှိတာကိုး။

**အာအက်ဖ်အေ။** ။ လူဘောင်သစ်ဒီမိုကရက်တစ်ပါတီက အထွေထွေအတွင်းရေးမှူးဖြစ်တဲ့ ကိုခင်မောင်တင့်ကတော့ ၁/၂၀၀၇ ကလာတဲ့တွေ့ဆုံဆွေးနွေးရေးဟာ တွေ့ဆုံဆွေးနွေးရေးအတုကိုသာ နဂိုကတည်းကဦးတည်ပြီး လမ်းညွှန်ချက်(၇)ချက်တည်းကို ဆွဲသွင်းရေးသာဖြစ်တယ်လို့ သုံးသပ်ပါတယ်။

**ကိုခင်မောင်တင့်။** ။ အပေါ်လွှင်ဆုံးက အားလုံးကလည်းလိုလားကြတယ် ဖြစ်ချင်ကြတဲ့အနေအထားမှာ သူကကြေညာချက် ၁/၂၀၀၇ နဲ့ ၂/၂၀၀၇ ကိုထုတ်တယ် ထုတ်ပြီးတော့ဂမ်ဘာရီကို လာခွင့်ပြုလိုက်တယ် ဂမ်ဘာရီနဲ့ကြိတ်ပြီးတွေ့ကြတယ် တွေ့ပြီးတဲ့အခါမှာ ဖြစ်လာတာတွေ့ဆုံဆွေးနွေးရေးဆိုတာဖြစ်တယ် ဒါပေမယ့်ဒီတွေ့ဆုံဆွေးနွေးရေးဟာ တကယ့် Dialogue မဟုတ်ဘူး ဘာဖြစ်လို့လဲဆိုတော့ သူက Roadmap ထဲကိုဝင်ဖို့ပဲ သူတို့ချမှတ်ပြီးသား Roadmap ကိုပူးပေါင်းပါဝင်ဆောင် ရွက်ရန်လို့ပဲပြောတယ် အဲဒါကလည်း ၁/၂၀၀၇ ကနေပြီးတော့ အခုနောက်ဆုံးဒီ ၁၉ ရက်နေ့ ဒီအာဆီယံမှာ အလွတ်သဘော ညစာစားတော့ ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန် ပြောတဲ့စကားကိုပြန်ယူမယ် ခင်ဗျားတို့ဘာတွေပဲပြောနေနေ ဂမ်ဘာရီကိုပြောလိုက်တဲ့စကားက ကျနော်တို့ဒီ Roadmap ကို ထိခိုက်ချက်ရှိမရှိစဉ်းစားပြီး မထိခိုက်မှလက်ခံမယ်၊ အဲဒါရှင်းတယ်ဒေါ်အောင်ဆန်းစုကြည်ကို ပူးပေါင်းပါဝင်ပါလို့ပြောတာကလည်း ပိတ်လေးပိတ်ကို စွန့်လွှတ်ကြောင်းအရင်ကြေညာမှ သူမနဲ့ကျနော်တွေ့နိုင် မယ်လို့ပြောတယ်၊ တွေ့မယ်ဆိုတာ ပုဂ္ဂိုလ်ရေးတွေ့မှာလား နိုင်ငံရေးတွေ့မှာလားမရှင်းဘူး။

**အာအက်ဖ်အေ။** ။ ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နဲ့သုံးကြိမ်တွေ့တာ NLD အလုပ်မှုဆောင်အဖွဲ့နဲ့ ဒေါ်အောင်ဆန်းစုကြည်ကိုတွေ့ခွင့်ပေးတာတွေကို သုံးသပ်သူတချို့က မြန်မာစစ်အစိုးရကို အမှတ်ကောင်းပေးတာတွေရှိကြပါတယ်၊ ဒါပေမယ့် နိုင်ငံရေးအရ တွေ့ဆုံခွင့်ပေးတာမဟုတ်ပဲ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပုဂ္ဂိုလ်ရေးတောင်းဆိုချက်အရ တွေ့ခွင့်ပေးတာပဲလို့ ဆိုပြန်ပါတယ်၊ ဒီအချက်ကိုသုံးသပ်ကြည့်ရင် မြန်မာစစ်အစိုးရရဲ့နိုင်ငံရေးလိုက်လျှောမှုမရှိတာကို သက်သေပြနေတယ်လို့ သူကဆက်သုံးသပ်ပြပါတယ်။

**ကိုခင်မောင်တင့်**။ ။ နောက်တခုက ခုနပြောသလို ဆက်ဖမ်းတယ် လူတွေကို လွှတ်တဲ့လူကို သုံးမျိုးသုံးစားခဲ့ထားတယ်နော် အဓိကပါဝင်ဆောင်ရွက်သူ စည်းရုံးဆောင်ရွက်သူ နောက်တခုကမသိနားမလည်ပဲပါတဲ့လူ မသိနားမလည်တဲ့လူတွေ ပြန်လွှတ်တယ် လက်မှတ်ထိုးပြီးပြန်လွှတ်တယ် တကယ့်လူတွေဖမ်းထားတယ် ကိုမင်းကိုနိုင်တို့ကို ဖမ်းထားတယ် နောက်တကယ်ပါဝင်တဲ့ လူတွေလွှတ်နေတဲ့လူတွေ ဆက်ဖမ်းတယ် အခုနောက်ဆုံးဟို အရှင်ဂမ္ဘီရတို့ မစုစုနွေးတို့ ဖမ်းသွားပြီပေ့ါ အဲသလို အခြေအနေတွေလည်းရှိတယ်၊ တဘက်ကလည်း ဒေါ်အောင်ဆန်းစုကြည်ကို ဆန့်ကျင်တဲ့ဟာတွေ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဆန့်ကျင်တဲ့ဟာတွေ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဆန့်ကျင်တဲ့ဟာတွေ နေ့တိုင်းထည့်တယ်၊ ဘယ်မှာလည်း ကျနော်တို့အပြုသဘောဆောင်တယ် ဆိုတာ ဘယ်မှာလည်း တွေ့ဆုံဆွေးနွေးလိုတယ်ဆိုတာ နောက်တခုက တိုင်းရင်းသားတွေ နောက်တခါ အမျိုးသားညီလာခံမှာပါဝင်တဲ့ တိုင်းရင်းသားအင်အားစုတွေ အပစ်အခတ်ရပ်ဆဲထားတဲ့တိုင်းရင်းသားတွေ နိုင်ငံရေးပါတီအချို့ နောက်ပြီးတော့ သူမွေးမြူထားတဲ့အေးလွင်တို့လို အဖွဲ့အစည်းတွေ ဒီနေ့ပါလာပြီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်ဆိုတာတောင်ပါလာပြီ မြန်မာနိုင်ငံဆိုတာ နောက်ကျနော်တို့အလံနီဇတ်ပျက်တွေနဲ့ ဖွဲ့ထားတဲ့အဖွဲ့တွေပေ့ါဗျာ အမျိုးသားနိုင်ငံရေးအင်အားစုတို့ ဘောဂဗေဒကျောင်းသားအင်အားစုဆိုတဲ့ဟာတွေလည်းပါတယ်ဗျ။ အဲဒီတော့ အဲဒါတွေကိုသူပြောနေတဲ့ဟာတွေမှာပြန်ကြည့်ရင် သူတို့က ခဲတလုံးတည်းနဲ့ ငှက်နှစ်ကောင်ပစ်တာ အဲဒီတော့တဘက်က သူတို့တတွေဟာ နအဖအပေါ်ကနေတဲ့ဟာကို လက်ခံပါတယ် အဲဒီအတိုင်းပဲလုပ်ပ့ါမယ် အဲသလိုလုပ်တဲ့သူကို ဆန့်ကျင်ပ့ါမယ်လို့ ဆွဲယူလိုက်တာကတပိုင်း ဒေါ်အောင်ဆန်းစုကြည်ကို ဆန့်ကျင်ခိုင်းလိုက်တာတပိုင်းလုပ်လာတယ်၊ အဲဒီတော့ကြေညာချက်တွေမှာ အတွင်းသဘော အနေနဲ့ ပါနေတဲ့ဟာတွေလိုက်ကြည့် အဖွဲ့အစည်းနာမယ်တွေ ကျန်တဲ့ဟာတွေပါနေတဲ့ဟာတွေကို အားလုံးကိုဖယ်လိုက်လို့ရှိရင် တူညီတဲ့ဥစ္စာကဘာလည်းဆိုလို့ရှိရင် Roadmap အတိုင်းလုပ်မယ် ဒေါ်အောင်ဆန်းစုကြည် ပြောတာကိုဆန့်ကျင်မယ် ဒါပဲ။ နောက်တခုက ဂမ်ဘာရီယူသွားတဲ့ဟာကိုလည်း သူတို့ကလက်မခံဘူး ဒေါ်အောင်ဆန်းစုကြည် ကြေညာချက်ပါသဘောထားကိုလည်း လက်မခံနိုင်ဘူး အဲဒီအခါကြတော့ သူတို့တတွေရဲ့ သဘောထားက ဘယ်မှာလည်းဗျ တွေ့ဆုံဆွေးနွေးရေးဆိုတဲ့သဘော ထားမရှိဘူးဆိုတာထင်ရှားတယ်။

**အာအက်ဖ်အေ**။ ။ နိုင်ငံရေးအရ ဆန္ဒမရှိတဲ့ မြန်မာစစ်အစိုးရက ပြည်သူနဲ့နိုင်ငံတကာကို ပြနေတဲ့ တွေ့ဆုံဆွေးနွေးရေးဟာ ဘယ်တော့မှ အစစ်အမှန်ဖြစ်လာမှာ မဟုတ်တဲ့အတွက် အခုချိန်ကစပြီး အတိုက်အခံ ဒီမိုကရေစီအင်အားစုတွေနဲ့ ပြည်သူတွေဟာ စစ်အစိုးရရဲ့လမ်းပြမြေပုံ အဆင့်လေးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် လူထုဆန္ဒခံယူပွဲအတွက် အသင့်ပြင်ထားဖို့လိုတယ်လို့ လူဘောင်သစ်ဒီမိုကရက်တစ်ပါတီက အထွေထွေအတွင်းရေးမှူး ကိုခင်မောင်တင့်ကသုံးသပ်ပါတယ်။

**ကိုခင်မောင်တင့်**။ ။ ကျနော်တို့အနေနဲ့လုပ်ရမှာ သူကဘာလုပ်နေလဲတပြိုင်နက်ထဲမှာ လမ်းပြမြေပုံ ဆက်ကောင်အထည်ဖေါ်တယ်၊ အခု ကြံ့ခိုင်ရေးကချမှတ်တဲ့ ဆုံးဖြတ်ချက်တွေကိုပဲကြည့်ကြည့်၊ ကြံ့ခိုင်ရေးက ကြေညာတဲ့ ကြေညာချက် ၁/၂၀၀၇ ထုတ်ပြန်ကြေညာချက်မှာပဲကြည့်ကြည့် ဒါကိုပဲဆက်သွားမယ်။ အဲဒီမှာ ဘာပြင်ထားတုန်းဆိုတော့ လူထုအုံကြွမှုနဲ့ လူထုလှုပ်ရှားမှုက ပေါ်မယ်ဆိုတာ သူတို့ဘက်က တွက်ပုံရတယ်၊ ဒါကြောင့်မို့လို့ အချက်လေးမှာ နှောက်ယှက်ဖျက်ဆီးမှုတွေ ပါလို့ရှိရင်လည်း သတ္တိရှိရှိရဲရဲပုံ့ပုံ့ ဆန့်ကျင်တိုက်ဖျက်သွားမယ်၊ ဒါကြောင့် ကျနော်တို့တတွေကလည်း ဘာလုပ်ရမလဲ၊ နောက်လာမယ့် လမ်းပြမြေပုံ အဆင့်လေး၊ ဒီအဆင့်လေးက ပြည်သူတွေအားလုံးပါဝင်နိုင်တဲ့ အခွင့်အလမ်းရှိဖို့လိုတယ်။ အဲဒီလိုသာပါဝင်နိုင်ဖို့ အခွင့်အလမ်းတွေရှိဖို့ဆိုရင် နိုင်ငံတကာ လေ့လာတဲ့အဖွဲ့တွေ ကုလသမဂ္ဂကလွှတ်တဲ့ အကဲခတ်အဖွဲ့တွေ အကုန်လုံး ဝင်နိုင်အောင်လုပ်ရမယ်။ ပြည်တွင်းပြည်ပအားလုံး ပြင်ဆင်ရမယ်လို့ ကျနော်ထင်တယ် အဲဒီလိုသာပြင်ဆင်ခွင့်နဲ့ ထုတ်ဖေါ်ခွင့်ပေးမယ်ဆိုရင် လျှို့ဝှက်ဆန္ဒ မဲပေးဆန့်ကျင်ခွင့်ပေးမယ်ဆိုရင် ကျနော်တို့တပ်မတော်သားတွေ ပြည်သူတွေဟာ ၁၉၉၀ ရွေးကောက်ပွဲကတုန်းကလိုပဲ ဆန့်ကျင်မဲပေးမယ်လို့ ကျနော်တို့ယုံတယ်။ အဲဒီအတွက် ကျနော်တို့ ပြင်ရမယ်၊ တပြိုင်နက်ထဲမှာ အဆင့်လေးနဲ့မပြီးရင် ဘာဆက်လုပ်မလဲဆိုတာ စဉ်းစားရမယ်။

**အာအက်ဖ်အေ**။ ။ ကိုခင်မောင်တင့်ကပဲ လက်ရှိ စစ်အစိုးရရဲ့ လုပ်ရပ်တွေဟာ နိုင်ငံရေးအရ မရိုးသားဘူးဆိုတာကိုလည်း အခုလိုထပ်ပြီးရှင်းပါသေးတယ်။

**ကိုခင်မောင်တင့်**။ ။ ဒီစစ်အစိုးရ ပေ့ါပေ့ါတန်တန် စစ်အစိုးရမဟုတ်ဘူး နှစ်ပေါင်း လေးဆယ်အာဏာကို ကိုင်ထားတဲ့ စစ်အစိုးရဖြစ်တယ်။ ဒါကြောင့်မို့လို့ သူကို ကျနော်တို့က တပွဲလောက်နဲ့ ပြုတ်သွားအောင် ဆောင်ရွက်နိုင်ဖို့ ဆိုတာ သိပ်မလွယ်ဘူးဗျ၊ အခု စက်တင်ဘာမှာပဲကြည့် သူ့အပြတ်ချတာ အစောကြီးကတည်းက ပြောနေတယ်၊ သူဘက်ကတွက်ထားတာ လူထုအုံကြွမှုဖြစ်လာရင် မီးဘေးရှောင် မလောင်ခင်တားပဲ ချမယ်ဆိုပြီး ပြောထားတာ၊ အဲဒီတော့ ကျနော်တို့တတွေဘက်ကလည်း သူ့ကို ပြတ်ပြတ်သားသားလုပ်ဖို့အတွက် ပိုင်ပိုင်နိုင်နိုင် ပြင်ဆင်ဖို့လိုတယ်။ ပြောလို့မရဘူး လူထုပါဝင်နိုင်ဖို့ အခွင့်အလမ်း အကောင်းဆုံးနဲ့တကယ့်နည်းလမ်းက ခုနပြောတဲ့ ပြည်သူ့ ဆန္ဒခံယူပွဲပဲ၊ သူ အဲဒါကြီးကို ကြံ့ဖွံ့နဲ့လုပ်လို့မရဘူး။ နောက်ပြီးတော့ နိုင်ငံတကာ အကဲခတ်တွေပါရမယ်၊ ကုလသမဂ္ဂက စေလွှတ်တဲ့သူတွေပါရမယ်၊ အဲဒါတွေကို အခုကတည်းက ပြင်ရမယ်။ ကျနော်တို့ အဲဒါတွေမပြင်နိုင်ဘူးဆိုရင် ပြဿနာရှိတယ်၊ လျှို့ဝှက်ဆန္ဒမဲလည်းဖြစ်ဖို့လိုတယ် နို့မို့ဆိုလျှင် ကြံ့ဖွံ့နဲ့ လူစုလူဝေးနဲ့ အတည်ပြုသွားနိုင်တယ်။ အခုလို ဘောလုံးကွင်းထဲ လူသွင်းပြီး တော့ အတည်ပြုတာမျိုးလုပ်လို့မရဘူးဗျ၊ လက်တွေ့လည်း ကြုံတွေ့နေရတဲ့ စီးပွားရေးနိုင်ငံရေး ဘယ်မှာလည်း ဖွံ့ဖြိုးတိုးတက်မှု၊ ဘယ်ခေတ်နဲ့မှမတူတဲ့ ဖြစ်ရပ်တွေကြုံနေတာပဲ ဒီခေတ်ကြီးထဲမှာ၊ အခု လူ ၉ ယောက်ပဲ သေတယ်လို့ နိုင်ငံတကာကို ညာနေတာ အခုဖမ်းထားတဲ့လူတွေက တကယ့်လူတွေ မလွှတ်ပေးဘူး၊ ကိုမင်းကိုနိုင်တို့အုပ်စုလွှတ်မပေးဘူး၊ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်မပေးဘူး၊ အန်အယ်ဒီကို လွှတ်လပ်ခွင့်မပေးဘူး၊ တခြားနိုင်ငံရေးပါတီတွေလည်း လုပ်ခွင့်မရှိဘူး၊ သူတို့ ထောက်ခံစေချင်တာ သူတို့ကန့်ကွက်စေချင်တာကြတော့ သတင်းစာထဲ ကြိုက်သလိုရေးခွင့်ရှိတယ်၊ အဲဒါ သူ့ခွင့်ပြုချက် နဲ့ဖြစ်လာတဲ့ဟာကြီးပဲ သူတို့သဘောနဲ့ သူတို့ဖြစ်တာမဟုတ်ဘူး။ စစ်အစိုးရကခွင့်ပြုလိုက်လို့ ရေးကြဟေ့လို့ ခွင့်ပြုလိုက်တဲ့အခါမှ ထွက်ရေးကြတဲ့သူတွေ၊အဲဒီတော့သူတို့တတွေရဲ့ သဘောထားဆန္ဒကို တကယ်ထုတ်ကြည့် နအဖက အတင်းအကျပ်ဖြစ်အောင် လုပ်ပြီးရေးခိုင်းတာ၊ အဲဒီသဘောထားကို ပြန်လည်ရုပ် သိမ်းခိုင်းလိုက် ဒါကို အပစ်အခတ်ရပ်စဲထားတဲ့ တိုင်းရင်းသားအင်အားစုတွေ ကြုံခဲ့ဘူးတယ်၊ အဲဒီတော့ ဒီလိုလုပ်နေတာ ရှင်းရှင်းပြောရင် ကြောင်လက်နဲ့ မြောင်ကိုယက်တာ။

**စာမျက်နှာ (၁၄)သို့ ဆက်ဖတ်ရန် ...**

# တလတွင်း သတင်းမှတ်စု

## မြန်မာ

- ‘ဝ’ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်က မြန်မာ့ဒီမိုကရေစီရေးတိုးတက်ဖြစ်ထွန်းရန်နှင့် တိုင်းပြည်၏ အကျပ်အတည်းများ၊ နိုင်ငံရေးပြဿနာများကို ငြိမ်းချမ်းစွာဖြေရှင်းရန် အလိုရှိကြောင်း ယမန်နေ့က ပြောသည်။ (Mizzima 011207)
- ဦးခွန်ထွန်းဦးအပါအဝင် ရှမ်းခေါင်းဆောင် (၃)ဦး၏ ကျန်းမာရေးအခြေအနေ ဆိုးရွားနေသည်ဟု ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD က ယနေ့ ပြောသည်။ (DVB 011207)
- ဒီမိုကရေစီတိုက်ပွဲအတွက် ကျယ်ပြန့်သည့် တပ်ပေါင်းစုကြီးတစ်ရပ် ဖွဲ့စည်းလုပ်ဆောင်ရန် နိုင်ငံရေးအင်အားစုများနှင့် လူမျိုးစုခေါင်းဆောင်များအား ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောက ယနေ့ကျရောက်သည့် ၎င်း၏ (၈၈) နှစ်မြောက်မွေးနေ့၌ တိုက်တွန်းလိုက်သည်။ (NEJ 031207)
- ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုဒွေးကြွယ်၏မိခင် ဒေါ်မိမိလေး ဈာပနကို နိုင်ငံရေးအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ၊ ဝါရင့်နိုင်ငံရေးသမားများ၊ ဗကသ အဖွဲ့ချုပ်ဝင်များ၊ ကုန်ဈေးနှုန်းကျဆင်းရေး ဆန္ဒပြခဲ့သူများ၊ ရုပ်ရှင်သရုပ်ဆောင် ကျော်သူ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များသာမက သံဃာတော် (၆၈)ပါးနှင့် သီလရှင် (၆၈)ပါး အပါအဝင် (၁၅၀၀)ခန့် တက်ရောက်ခဲ့သည်။ (DVB 031207)
- ဓဖွဲ့စည်းပုံမူကြမ်းရေးဆွဲရေးကော်မတီဟာ မူကြမ်းအသစ်ရေးဆွဲရေးလုပ်ငန်းစဉ်ကို ဒီကနေ့စတင်လိုက်ပြီး၊ ညီလာခံကနေချမှတ်ခဲ့တဲ့ မူတွေအတိုင်း ရေးဆွဲသွားမှာဖြစ်ပြီး၊ တခြားလူတွေရဲ့ အကူအညီနဲ့အကြံဉာဏ် လုံးဝမလိုအပ်ဖဟု ယနေ့ နေပြည်တော် သတင်းစာရှင်းလင်းပွဲတွင် ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြောဆိုလိုက်သည်။ (DVB 031207)
- စက်တင်ဘာဆန္ဒပြပွဲနှင့်ပတ်သက်၍ သံဃာတော်များနှင့် လူပေါင်း (၂၉၂၇)ဦးကို စစ်ဆေးမေးမြန်းခဲ့ပြီး ၎င်းတို့ထဲမှ (၂၈၃၈)ဦးကို ပြန်လွှတ်ပေးခဲ့ကြောင်းနှင့် (၉)ဦးကို ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း ယမန်နေ့သတင်းစာရှင်းလင်းပွဲတွင် ဗိုလ်မှူးချုပ်ခင်ရီက ပြောသည်။ (NEJ 041207)
- (၈၇)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို သခင်သိန်းဖေနေအိမ်၌ ဝါရင့်နိုင်ငံရေးသမားကြီးများက အခမ်းအနားတစ်ရပ်ကျင်းပပြီး နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေး၍ တွေ့ဆုံဆွေးနွေးရေးပြုလုပ်ရန် စစ်အစိုးရအားပန်ကြားလိုက်သည်။ (NEJ/ DVB 041207)
- တွေ့ဆုံဆွေးနွေးရန်အတွက် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများကို အမြန်ဆုံးပြန်လွှတ်ရန် (၈၇)နှစ်မြောက်အမျိုးသားအောင်ပွဲနေ့တွင် ၈၈မျိုးဆက်ကျောင်းသားများက တောင်းဆိုသည်။ (DVB 041207)
- အင်းစိန်ထောင်တွင် ဖမ်းဆီးခံနေရသည့် ကုန်ဈေးနှုန်းကျဆင်းရေး ဆန္ဒပြအဖွဲ့ခေါင်းဆောင် ကိုထင်ကျော်သည် အင်းစိန်ထောင်တွင် အစာငတ်ခံဆန္ဒပြနေသည်မှာ (၆)ရက်ရှိပြီဟု သိရသည်။ (DVB 051207)
- ဒီမိုကရေစီဖေါ်ဆောင်ရေး မြန်မာတမျိုးသားလုံး ဝိုင်းဝန်းလုပ်ဆောင်ကြရန် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလိုလားသူများအဖွဲ့ MDC က အမျိုးသားနေ့တွင် တိုက်တွန်းနှိုးဆော်လိုက်သည်။ (DVB 051207)
- ပခုက္ကူမြို့ရှိ အရှေ့တိုက်၊ အလယ်တိုက်၊ အနောက်တိုက်နှင့်ဗောဓိမဏ္ဍိုင် ကျောင်းတိုက်များမှ သံဃာတော်များသည် ယခုအချိန်ထိ စစ်အစိုးရနှင့် မပတ်သက်ရေး ကံဆောင်ပွဲကို ဆက်လုပ်နေပြီး မကြာမီကျင်းပမည့် ဓမ္မစရိယနှင့် ပထမပြန် စာမေးပွဲများကို သပိတ်မှောက်ကံဆောင်မည်ဟု ပြောသည်။ (DVB 061207)
- မကွေးတိုင်း မြို့သစ်မြို့အရောက် အတင်းပြန်ပို့ခံခဲ့ရသည့် မဂ္ဂင်ကျောင်းတိုက်ဆရာတော်ဦးနန္ဒိယကို ပစ္စည်းလေးပါးသွားရောက်ကပ်လှူမည့် ဒေသခံလူငယ် (၂)ဦးကို အာဏာပိုင်များက ယမန်နေ့က တားဆီးလိုက်သည်။ (DVB 061207)
- အောက်တိုဘာလမှစ၍ KNU ထိန်းချုပ်ရာနယ်မြေအတွင်း နအဖမှ တပ်အင်အားတိုးမြှင့်ချ ထားပြီး စစ်ဆင်လာမှုအပေါ် ယနေ့ရက်စွဲဖြင့် ထုတ်ပြန်သည့် KNU ၏ကြေညာချက်တွင် ရှုတ်ချထားသည်။ (NEJ 101207)
- မြန်မာပြည်တွင် လူ့အခွင့်အရေးချိုးဖေါက်မှု အများအပြားရှိနေဆဲဖြစ်ပြီး လူ့အခွင့်အရေးရရှိရေးအတွက် ပြည်သူအားလုံး ဝိုင်းဝန်းလုပ်ဆောင်ရန် လိုအပ်သည်ဟု လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများကွန်ယက် ခေါင်းဆောင် ဦးမြင့်အေးက ယနေ့ပြောသည်။ (DVB 101207)
- ‘ကြမ်းတမ်းသည့် အခြေအနေတစ်ခုကို ကိုင်တွယ်ရာတွင် နိုင်ငံတစ်နိုင်ငံက ၎င်း၏အချုပ်အခြာအာဏာပိုင်ခွင့်ကို အသုံးပြုခြင်းသည် လူ့အခွင့်အရေး ချိုးဖောက်မှုမဟုတ်’ဟု ဂျနီဗာရှိ မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂသံအမတ် ဦးဝဏ္ဏမောင်လွင်က Paulo Sergio Pinheiro ၏ အစီရင်ခံစာနှင့်ပတ်သက်၍ ပြန်လည်တုန့်ပြန်ခဲ့သည်။ (NEJ 121207)
- နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ အဆောင်မှူး အရှင်တေဇောဘာသနှင့် အရှင်ခေမာသီရိတို့ကို ကျောင်းမှ ထပ်မံထုတ်ပယ်လိုက်သည်။ (DVB 151207)
- ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်များကို အင်းစိန်ထောင်သီးသန့်ဆောင်တွင် ထားရှိရာမှ ထောင်မကြီးထဲ၌ ကြိုးဒဏ်ကျ ရာဇဝတ်သားများနှင့်အတူ ထားသည်ဟု ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုစိုးထွန်းကပြောသည်။ (DVB 171207)
- ငွေကြာယံကျောင်းတိုက်၏ ကျောင်းထိုင်ဆရာတော် ဦးရေဝတအပါအဝင် သံဃာတော်အချို့ ကျောင်းတိုက်သို့ ပြန်လည်ရောက်ရှိ သီတင်းသုံးနေကြောင်း သိရသည်။ (DVB 171207)
- ၈၈မျိုးဆက်ကျောင်းသားအဖွဲ့ အဖွဲ့ဝင် မခင်မိုးအေး၊ ကိုမျိုးရန်နောင်သိန်း၊ ကိုဇော်မင်း (ခေါ်) ဘောင်ဘောင်၊ ကိုမင်းမင်းစိုးနှင့် ကိုကျော်စိုးတို့(၅)ဦးကို အာဏာပိုင်များက ပြီးခဲ့သည့် တနင်္ဂနွေနေ့တွင် ဖမ်းဆီးလိုက်သည်။ (DVB 191207)

- ကျောင်းသားထုအခွင့်အရေးနှင့် ဒီမိုကရေစီရသည်အထိ နည်းမျိုးစုံဖြင့်တိုက်ပွဲဝင်သွားမည်ဖြစ်ပြီး နအဖအနေဖြင့် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ပါရန် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်က ယနေ့ ပြောကြားသည်။ (DVB 201207)
- KNLA တပ်မဟာ(၆)ထိန်းချုပ်ရာ နယ်မြေအတွင်း နအဖနှင့် DKBA တပ်များ ပူးတွဲထိုးစစ်ဆင်နေချိန် နအဖတပ်များက DKBA တပ်သား(၅)ဦးကို ယခုလ(၁၆)ရက်နေ့တွင် ပစ်သတ်လိုက်သည်။ (DVB 201207)
- ယခုလ(၁၈)ရက်နေ့တွင် ရှမ်းပြည်လူမျိုးပေါင်းစုံ လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)မှ အမှတ်(၂)တပ်ရင်းမှူး ဗိုလ်မှူးကာပရေး(ခေါ်) ဗိုလ်ရဲနိုင်နှင့် တပ်သား(၈)ဦးကို နအဖစစ်တပ်က ဖမ်းဆီးလိုက်ကြောင်းသိရသည်။ (DVB 211207)
- ၂၀၀၈ ခုနှစ်တွင် စစ်ရေး၊ နိုင်ငံရေးအားများကို အစွမ်းကုန်မြှင့်တင် ကြိုးစားဆောင်ရွက်သွားမည်ဟု ယခုလ (၁၇)ရက်နေ့မှ (၂၁)ရက်နေ့ထိ ထိုင်း–မြန်မာနယ်စပ်တစ်နေရာတွင်ကျင်းပသည့် ကရင်အမျိုးသားအစည်းအရုံး ဗဟိုကော်မတီအစည်းအဝေးမှ ဆုံးဖြတ်ခဲ့သည်။ (DVB 221207)
- မြန်မာ့တပ်မတော်သားများအနေဖြင့် ပြည်သူ့ဆန္ဒကို အသိအမှတ်ပြု အကောင်အထည်ဖော်ပေးသည့် ပြည်သူ့တပ်မတော်ဘဝသို့ အသွင်ကူးပြောင်းရန် အတွက် အချိန်ကောင်းဖြစ်သည်ဟု ပြည်သူ့ကာကွယ်ရေးတပ် PDF မှ တပ်မတော်သားများသို့ ပန်ကြားချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ (NEJ 261207)
- အောက်တိုဘာကတည်းက ရပ်ဆိုင်းထားသည့် ရန်ကုန်–ကွာလာလမ်ပူ လေယာဉ်ခရီးစဉ်များကို ရှေ့လဆန်း၌ ပြန်လည်ပြေးဆွဲမည်ဟု မြန်မာနိုင်ငံတကာ လေကြောင်းလိုင်း MAI ရန်ကုန်ရုံးချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ (NEJ 271207)

---

# နိုင်ငံတကာ

- စစ်အစိုးရက အလုပ်လုပ်ခွင့်သက်တမ်း ထပ်မတိုးပေးတော့သည့်အတွက် ကုလသမဂ္ဂအဆင့်မြင့်အရာရှိ မစ္စတာ Charles Petrie သည် မြန်မာနိုင်ငံမှ လာမည့် အင်္ဂါနေ့တွင် ထွက်ခွာတော့မည်။ (NEJ 031207)
- ထိုင်း–မြန်မာနယ်စပ်တစ်လျှောက်ရှိ မြန်မာဒုက္ခသည်များကို နှစ်(၂၀)ကြာ ကူညီထောက်ပံ့ပေးနေသည့် ထိုင်း–မြန်မာနယ်စပ်ကူညီပေးရေးအဖွဲ့ TBBC က ရိက္ခာလျှော့ချလိုက်သည်။ (DVB 051207)
- စစ်အစိုးရသည် ကလေးများကို စစ်သားအဖြစ် ဆက်လက်စုဆောင်းနေသဖြင့် မြန်မာနိုင်ငံကို လက်နက်ရောင်းချမှု ပိတ်ပင်သင့်ကြောင်း လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ (HRW) က ကုလသမဂ္ဂလုံခြုံရေးကောင်စီအား ယမန်နေ့က တောင်းဆိုလိုက်သည်။ (NEJ/ DVB 061207)
- တိုင်းပြည်အကျပ်အတည်းကို လျစ်လျူရှုထားမည်ဆိုလျှင် နောက်ထပ်ဆိုးဝါးသည့် လူထုပေါက်ကွဲမှုများ ကြုံတွေ့ရမည်ဟု မြန်မာနိုင်ငံမှ နှင်ထုတ်ခံလိုက်ရသည့် ရန်ကုန်အခြေစိုက် ကုလသမဂ္ဂဌာနေကိုယ်စားလှယ်မစ္စတာ Charles Petrie က သတိပေးလိုက်သည်။ (DVB 061207)
- အာဆီယံပဋိညာဉ်စာတမ်းကို အတည်ပြုလက်မှတ်ရေးထိုးရေးအတွက် ဖိလစ်ပိုင်နိုင်ငံ၏ ဆုံးဖြတ်ချက်သည် ဒေါ်အောင်ဆန်းစုကြည်၏ လွတ်မြောက်ရေး အပေါ် အဓိကမူတည်ကြောင်း ဖိလစ်ပိုင်သမ္မတ မစ္စအာရိုယိုက ပြောသည်။ (NEJ 071207)
- မြန်မာနိုင်ငံတွင် ဖြစ်ပွါးခဲ့သည့် စက်တင်ဘာသံဃာလှုပ်ရှားမှုတွင် သေဆုံးသူအရေအတွက် အနည်းဆုံး(၃၁)ဦးရှိခဲ့သည်ဟု ယခုလ (၇)ရက်နေ့ နေ့စွဲဖြင့် ထုတ်ပြန်သည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာ Paulo Sergio Pinheiro ၏ အစီရင်ခံစာတွင် ဖေါ်ပြထားသည်။ (DVB 081207)
- စစ်အစိုးရက စစ်မှန်သည့်တွေ့ဆုံဆွေးနွေးရေး မပြုလုပ်ပါက စစ်ရေးနည်းဖြင့် ဖြေရှင်းပေးရန် အမေရိကန်နိုင်ငံနှင့် ကုလသမဂ္ဂကို အကူအညီတောင်းမည်ဟု အမေရိကန်ရောက် အပြည်ပြည်ဆိုင်ရာ လူထုလှုပ်ရှားမှုအင်အားစုမှ ယမန်နေ့က ပြောသည်။ (DVB 091207)
- စစ်အစိုးရကို ထိရောက်သည့် ပိတ်ဆို့အရေးယူမှုများပြုလုပ်ရန် စဉ်းစားနေပြီဟု အမေရိကန်ပြည်ထောင်စုအောက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီ ဥက္ကဋ္ဌ တွမ်လန်းတို့စ်က ယခုလ(၇)ရက်နေ့က ထုတ်ပြန်သည့်ကြေညာချက်ဖြင့် ပြောဆိုသည်။ (DVB 091207)
- မြန်မာနိုင်ငံ၌ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး မလုပ်နိုင်ပါက ဘေးထွက်နေရန် စစ်ခေါင်းဆောင်များကို အမေရိကန်သမ္မတ ကတော်လော်ရာဘုရှ်က ယမန်နေ့တွင် ကျရောက်သည့် နိုင်ငံတကာလူ့အခွင့်အရေးနေ့အထိမ်းအမှတ် ဆွေးနွေးပွဲတစ်ခု၌ တောင်းဆိုလိုက်သည်။ (AP/ NEJ 111207)
- မြန်မာနိုင်ငံ၏ အခြေအနေနှင့်ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Ban Ki-moon က ထိုင်းဝန်ကြီးချုပ် စူရာယွတ်ချူ လာနွန်နှင့် ယမန်နေ့က တွေ့ဆုံဆွေးနွေးခဲ့သည်။ (NEJ 111207)
- ဒေါ်အောင်ဆန်းစုကြည်ကို တောင်အာဖရိကနိုင်ငံ ကိပ်တောင်းတက္ကသိုလ် Cape Town University က ဂုဏ်ထူးဆောင် ဥပဒေဒေါက်တာဘွဲ့ ချီးမြှင့်သည်။ (DVB 111207)
- စက်တင်ဘာအရေးအခင်းအတွင်း နှစ်နာခဲ့သူတို့၏ မိသားစုဝင်များကို ထိရောက်သည့် နစ်နာကြေးပေးရန်နှင့် လူ့အခွင့်အရေး ဖေါက်ဖျက်ကျူးလွန်သူတို့ကို အရေးယူရန် လူ့အခွင့်အရေးအထူးကိုယ်စားလှယ် Paulo Sergio Pinheiro က ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်သို့ တင်သွင်းသည့် အစီရင်ခံစာ၌ စစ်အစိုးရအား တောင်းဆိုထားသည်။ (NEJ 121207)
- ကုလသမဂ္ဂအနေဖြင့် လူ့အခွင့်အရေးချိုးဖေါက်မှု ဝေဖန်အပြစ်ရှာသည့် အစီရင်ခံစာများထုတ်ပြန်ပြီး မြန်မာအစိုးရတိုးတက်နေသည့် ဒီမိုကရေစီပြောင်းလဲရေးလုပ်ငန်းများအား နှောင့်ယှက်နေမှုကို ရပ်တန့်ရန် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆွန်က ပြောသည်။ (AP/ NEJ 131207)
- ‘ပြဿနာတွေရှိနေတယ်ဆိုတာ ကျနော်တို့သိပါတယ်။ ကျနော့်အစီရင်ခံစာအပေါ် မြန်မာအာဏာပိုင်များရဲ့ တုန့်ပြန်ချက်ကို အထူး စိတ်ပျက်မိပါတယ်’ ဟု ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာတွင် ကျင်းပသည့် လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် (၄၇)နိုင်ငံ အစည်းအဝေး၌ Paulo Sergio Pinheiro က ပြောဆိုလိုက်သည်။ (DVB 131207)

- ❑ မြန်မာနိုင်ငံဆိုင်ရာ EU ကိုယ်စားလှယ် ပီယဲရိုဖက်ဆီနို ရှေ့သီတင်းပတ်အတွင်း တရုတ်နိုင်ငံကိုသွားပြီး မြန်မာ့အရေး ဆွေးနွေးရန် ပြင်ဆင်နေသည်။ (DVB 131207)
- ❑ ဖိနှိပ်မှုများကို လျှော့ချမပေးပါက EU အနေဖြင့် စစ်အစိုးရအပေါ် ပိတ်ဆို့အရေးယူမှုများ ထပ်မံတိုးမြှင့်ရန်အတွက် အဆင်သင့် ဖြစ်နေပြီဟု ဥရောပသမဂ္ဂ ခေါင်းဆောင်များက ယမန်နေ့က ထပ်မံထုတ်ဖော်ပြောဆိုသည်။ (DVB 151207)
- ❑ စစ်အစိုးရကကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖေါက်မှုများကို ထပ်မံစုံစမ်းစစ်ဆေးရန် မစ္စတာပင်ဟဲရိုးကို မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်သွားရောက်ရန် UNHRC က ယမန်နေ့တွင် ဆုံးဖြတ်သည်။ (DVB 151207)
- ❑ ကရင်နီဒုက္ခသည် အမှတ်(၁)စခန်းတွင် ထိုင်းလုံခြုံရေးတပ်များက ပစ်ခတ်မှုကြောင့် ဒုက္ခသည် ကျောင်းသားအိုက်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ (DVB 161207)
- ❑ စစ်အစိုးရအပေါ် ဖိအားရန် တရုတ်အစိုးရကို မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ EU ကိုယ်စားလှယ် Piero Fassino က ပြီးခဲ့သည့်အပတ်တွင် သွားရောက် တိုက်တွန်းခဲ့သည်။ (DVB 201207)
- ❑ စစ်အစိုးရအပေါ်တင်းကျပ်သည့် စီးပွါးရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ ပိတ်ဆို့မှုအသစ်မူကြမ်းကို အထက်လွှတ်တော် နိုင်ငံခြား ဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ Joseph နှင့် ရီပတ်ဘလီကန်ပါတီခေါင်းဆောင် Mitch Mc Connell တို့က ဦးဆောင် တင်သွင်းခဲ့ပြီး အထက်လွှတ်တော်အမတ်များက ခြွင်းချက်မရှိ အတည်ပြုလိုက်ကြောင်းသိရသည်။ (DVB 201207)
- ❑ အတိုက်အခံဒီမိုကရက်တစ်အင်အားစုများနှင့် စေ့စပ်ဆွေးနွေးလာစေရန် စစ်အစိုးရကို ထိထိရောက်ရောက် ဖိအားပေးသွားမည်ဟု ၂၀၀၇ ခုနှစ်ကုန် သတင်းစာရှင်းလင်းပွဲတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Condoleezza Rice က ကတိပြု ပြောဆိုသည်။ (DVB 221207)

**(NDD) သုတေသနနှင့် မှတ်တမ်းတင်ဌာန၏ တလအတွင်းမြန်မာ့သတင်း –၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလမှ ထုတ်နှုတ်ဖော်ပြသည်။**

■ ■ ■ ■

**စာမျက်နှာ (၁၁)မှ အဆက် ...**

**အာအက်ဖ်အေ။** ။ Forum for Democracy in Burma (FDB) အဖွဲ့ က ဒုတိယအတွင်းရေးမှူးချုပ်တဦးဖြစ်တဲ့ ကိုဌေးလင်းကတော့ စက်တင်ဘာ သံဃာတော်တွေရဲ့ တောင်းဆိုချက်ထဲက နှစ်ခုကို ဆက်ပြီးတော့ ကိုင်စွဲချိတက်ရမယ်လို့ ဆိုပါတယ်။

**ကိုဌေးလင်း။** ။ ဒီ(FDB)က ကိုင်စွဲထားတာကတော့ တောက်လျှောက် ကတော့ Road Map ကိုအဆင့်တိုင်းမှာ ဆန့်ကျင်ရေးပဲ၊ အဲဒီတော့ တစ်လည်း ဆန့်ကျင်၊ နှစ်လည်း ဆန့်ကျင်၊ သုံးလည်း ဆန့်ကျင်၊ အခုလာမယ့် လေးလည်း ဆန့်ကျင်ပေါ့၊ ဒီလို သွားရမှာပဲ။ အဲဒီတော့ လေးကာလထိရောက်ပြီဆိုရင် ဒီဟာအစောက ကိုခင်မောင်တင့်ပြောသလို ပြင်ဆင်မှုရှိရှိ ဆန့်ကျင်မှုတွေ ကျနော်တို့ လုပ်သွားရမယ်၊ အခုလောလောဆယ်မှာကြတော့ ဘာလုပ်သင့်သလဲပေါ့၊ ကျနော်တို့စဉ်းစားတာ သံဃာတော်တွေက တောက်လျှောက် တောင်းဆိုခဲ့တယ်ပေါ့ဗျာ။ သံဃာ့တပ်ပေါင်းစုကြီးက တောင်းဆိုခဲ့တယ်၊ ကြွေးကြော်သံနှစ်ခုကို ကျနော်တို့ ထပ်တင်သင့်တယ်၊ အဲဒီ ကြွေးကြော်သံနှစ်ခုက ဘာလည်းဆိုရင် တခုက တွေ့ဆုံဆွေးနွေးရေး၊ တခုက နိုင်ငံရေး အကျဉ်းသားတွေကို လွှတ်ပေးရေး၊ တွေ့ဆုံဆွေးနွေးရေး ဒီကောင်က အတုလုပ်ဖို့ရှာ သို့မဟုတ် စောစောကပြောသလို ဟန်ဆောင်ပြီးတွေ့ဆုံဆွေးနွေးတော့မှာလိုလို၊ ဘာလိုလို ဟန်ဆောင်ပြီးတော့မှ ဖိအားတွေလျှော့ချ နေတာကနေပြီးတော့မှ အစစ်အမှန်တွေဖြစ်အောင် ကျနော်တို့တိုက်ပွဲကို အဲသလို (Slogans) တင်သင့်တယ်။

**အာအက်ဖ်အေ။** ။ ဒါကတော့ (FDB) အဖွဲ့က ဒုတိယ အတွင်းရေးမှူးချုပ် ကိုဌေးလင်း ပြောသွားတာပါ။

**RFA-23/24.12.2007**

XXXXXXX

ယခင်အပတ်သတင်းလွှာများကို
အောက်ပါအင်တာနက်စာမျက်နှာများတွင် ရယူဖတ်ရှုနိုင်ပါသည်
www.abfsu.net
www.absdf8888.org
www.dpns.org
www.yoma3.org

Forum for Democracy in Burma
PO Box 83, Mae Sod
Tak 63110
Thailand
Email: democraticforum@csloxinfo.com
Website: http://www.democraticforumburma.org.